မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်၊ ၂၀၀၇ ခုနှစ်၊ မေ ၄ ရက်၊ သောကြာနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၁၁)

ခစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူ သွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံ၏ရိက္ခာဖူလုံရန် ဆန်စပါးထုတ်လုပ်မှု တိုးတက်အောင် ဆောင်ရွက်လျက်ရှိ လပွတ္တာမြို့နယ်သည် ဧရာဝတီတိုင်း၌ မိုးစပါးစိုက်ပျိုးမှု အများဆုံးမြို့နယ်ဖြစ် စိုက်ပျိုးမြေပိုမိုတိုးချဲ့ပြီး စပါးအထွက်နှုန်းပိုမိုကောင်းမွန်ရေး ကြိုးပမ်းစွမ်းဆောင်

နေပြည်တော် မေ ၃

ဧရာဝတီတိုင်း မြောင်းမြမြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ လိုက်ပါလျက် မေ ၂ ရက် နံနက်ပိုင်းတွင် မြောင်းမြခရိုင် မြောင်းမြမြို့၌လည်းကောင်း၊ မွန်းလွဲပိုင်းနှင့် ညနေပိုင်းတို့တွင် မြောင်းမြခရိုင် လပွတ္တာမြို့၌လည်းကောင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ရော်ဘာတိုးချဲ့စိုက်ပျိုးရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာများအား တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း လပွတ္တာလုပ်မြောက်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် တီဗွီနှင့် ကက်ဆက်တို့ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တက်ရောက်

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် နံနက် ၇ နာရီခွဲတွင် မြောင်းမြမြို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြရွှေဝါခန်းမ၌ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ *

ရော်ဘာသည် ပြည်ပမှ ဝယ်လိုအား မြင့်မားနေမှုကြောင့် စိုက်ပျိုးပါက ဝင်ငွေကောင်းပြီး အကျိုးစီးပွားဖြစ်ထွန်းသည့် သီးနှံဖြစ်သဖြင့် ဒေသနေပြည်သူများ လူနေမှုဘဝ ပိုမိုမြင့်မားစေရန်အတွက် ရော်ဘာ စိုက်ပျိုးရန်နှိုးဆော်၍ စိုက်ပျိုးရေးပညာနှင့် ရော်ဘာမျိုးပင်များ ရရှိရေးတို့ကို ဆောင်ရွက်ပေးနေခြင်းဖြစ်။

မြန်မာ့အလင်း နိုင်ငံတကာသတင်း၊ အားကစားအညွှန်း

အေစီမီလန်က မန်ယူကို အနိုင်ရပြီး ချန်ပီယံလိဂ် ဗိုလ်လုပွဲတက်ပြီ

အေစီမီလန်နှင့် မန်ယူတို့ပွဲတွင် မန်ယူမှ စီရိုနယ်ဒို ထိုးဖောက် ကစားစဉ်။

ကမ္ဘာတစ်လွှားအားကစား (စာ - ၁၂)

ဂျင်းနှင့် သိုးမွေးအဝတ်အထည်များ နေရောင်ဒဏ်ကို အကောင်းဆုံးအကာအကွယ်ပေး

အင်တာနက်ကျန်းမာရေး (စာ - ၁၃)

ကြိုးတန်းပေါ် ဆိုင်ကယ်စီးပြသူ

ကြိုးတန်းပေါ်တွင် ဆိုင်ကယ်စီးပြနေသူ တစ်ဦးကို တွေ့ရစဉ်။

ကမ္ဘာတစ်လွှားထူးထူးခြားခြား (စာ - ၁၀)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ မေလ ၄ ရက်)

လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လမ်း၊တံတားများကို အကျိုးရှိစွာအသုံးပြု

ငမိုးရိပ်တံတား(ကမာကြည်)ကို ဧပြီလ ၂၈ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။

ငမိုးရိပ်တံတား(ကမာကြည်)သည် ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏနှင့် သာကေတမြို့နယ်တို့ကို ငမိုးရိပ်ချောင်းအားဖြတ်သန်းကာ ဆက်သွယ်တည်ဆောက်ထားသော တံတားဖြစ်သည်။ တံတားပြီးစီးသွားသဖြင့် သန်လျင်၊ ခရမ်း၊ သုံးခွ၊ ကျောက်တန်းမြို့နယ်နှင့် သီလဝါတို့ကို အချိန်တိုအတွင်း လွယ်ကူစွာဖြတ်သန်းသွားနိုင်မည့်အတွက် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်သွက်လက်လာကာ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးလာမည် ဖြစ်သည်။

သီလဝါဆိပ်ကမ်းမှကုန်စည်များကို ယခင်ကကဲ့သို့ ဒဂုံတံတားမှတစ်ဆင့် ရန်ကုန်မြို့အတွင်း ဖြတ်သန်းသွားလာခြင်း မပြုရတော့ဘဲ ငမိုးရိပ်တံတား(ကမာကြည်)မှတစ်ဆင့် အမှတ်(၂)လမ်းမကြီးမှ နေ၍ တစ်နိုင်ငံလုံးသို့ ပို့ဆောင်ပေးနိုင်မည်ဖြစ်သည်။

ထို့ပြင် ရန်ကုန်မှ ဘုရင့်နောင်တံတားနှင့် တွံတေးတံတားများကို ဖြတ်သန်းပြီး ကွမ်းခြံကုန်း–ဒေးဒရဲ–ဖျာပုံ–ကျိုက်လတ်–မအူပင်–ညောင်တုန်း–ရန်ကုန် ကွန်ရက်ပတ်လမ်းသည်လည်း ကျယ်ဝန်းခရီးပေါက်သွားပြီဖြစ်သည်။

နိုင်ငံတော်အနေဖြင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် ရထားလမ်း၊ ကားလမ်း အပါအဝင် တံတားသစ်ကြီးများကို ပြည်ထောင်စုတစ်ဝန်း တိုးချဲ့တည်ဆောက် ဖောက်လုပ်ဖွင့်လှစ်ပေးလျက်ရှိရာ တိုင်းရင်းသားပြည်သူများကလည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကျိုးရှိစွာအသုံးပြုပြီး ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် ဝါးတန်းလမ်းအမှတ် (၄၀)နေ ကျော် စာ ကျက်ဝိုင်းနှင့်ဘော်ဒါ မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါ လမ်း မင်းကွန်းဆရာ တော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ် ကျောင်း တော် ကြီး အတွက် အလှူငွေကျပ် ၁၅၀၂၀၀ ကို ဝိနယ ကောဝိဒဆရာတော် ဘဒ္ဒန္တ အရိယမဇ္ဈိမထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) ဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

လျှာထားအမှုဆောင်များ ဆက်လက်တာဝန်ပေး ဖွဲ့စည်းသွားမည် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဆုတံဆိပ်ပိုမိုရရှိရေး ကြိုးပမ်း

မျိုးဆက်သစ် သေနတ်ပစ်အားကစားသမားများ ပေါ်ထွက်ရေး စီမံချက်ချမှတ်

ရန်ကုန် မေ ၃

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် မေ ၁ရက် ညနေ ၄ နာရီက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ) ပတ္တမြားခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ် ပြန်လည်ဖွဲ့စည်းရန် လျာထားသော အမှုဆောင်အဖွဲ့ဝင်များနှင့် တွေ့ဆုံညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်သည်။

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ် ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးအား မြန်မာနိုင်ငံသေနတ်ပစ် အဖွဲ့ချုပ် ပြန်လည်ဖွဲ့စည်းရန် လျာထားသော အမှုဆောင်သစ်များနှင့် တစ်ဦးချင်းမိတ်ဆက်ပေးသည်။

မှာကြား

ယင်းနောက်ဝန်ကြီးက မြန်မာနိုင်ငံသေနတ်ပစ် အဖွဲ့ချုပ် ပြန်လည်ဖွဲ့စည်းရန် လျာထားသော အမှုဆောင်များအား ဆက်လက်တာဝန်ပေးအပ်၍ ဖွဲ့စည်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အမှုဆောင်သစ်များအနေဖြင့် စည်းလုံးခိုင်မာစွာဖြင့် နိုင်ငံတော်က မျှော်မှန်းထားသည့်(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဆုတံဆိပ်များ ပိုမိုရရှိရေးအတွက် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းနှင့် မျိုးဆက်သစ်သေနတ်ပစ်အားကစားသမားများ ပေါ်ထွက်လာရေးအတွက် စီမံချက် ချမှတ်ဆောင်ရွက်သွားရေးတို့ကို မှာကြားသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ရဲမှူးချုပ်သန်းဟန်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာသူများက အထွေထွေဆွေးနွေး တင်ပြကြပြီး ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က နိဂုံးချုပ် အမှာစကား ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်သည် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးလေ့ကျင့်ရေး ကွင်းအမှတ်(၁)၌ လေ့ကျင့်လျက်ရှိသည့် အသက် (၂၃) နှစ်အောက် ပဏာမလူငယ်လက်ရွေးစင်ဘောလုံးအသင်း လေ့ကျင့်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၄–၅–၂၀၀၇
(သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ် ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၂၅ ၇။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၅း၃၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ မိုးလေဝသသတင်း
- ၆း၂၅ ၁၂။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၆း၄၀ ၁၃။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၆း၄၅ ၁၄။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မေတ္တာစမ်းရေ** (အပိုင်း–၁၃)
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၁၈။ စိုက်ပျိုးသုတ
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ **(၆၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုအစီအစဉ် သက်စွန့်ဆံဖျား** **သရုပ်ဆောင်**–စိုင်းစိုင်းခမ်းလှိုင်၊ ထွန်းထွန်း၊ ပုလဲဝင်း **ဒါရိုက်တာ**–မလိခစိုးထိုက်အောင်

အလှူငွေ လက်ခံ

သီလရှင် ဆရာလေး ဒေါ်သော်ဂီအား ရည်စူး၍ အမှတ် (၇၀) အောင်တေဇလမ်း ပန်းပင်ကုန်း (၅) ရပ်ကွက် မရမ်းကုန်းမြို့နယ်နေ ကျန်ရစ်သူများက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင် အလှူငွေကျပ် ငါးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေး အဖွဲ့ ဒုတိယဥက္ကဋ္ဌ (၁) ဦးညွန့် လက်ခံယူစဉ်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄–၅–၂၀၀၇ (သောကြာနေ့)

- ၇း၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇း၀၅ "အား"တရားတော်(ယောဆရာတော် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ)
- ၈း၀၀ Myanmar Video Rhythm
- ၈း၅၀ တေးဂီတအစီအစဉ်
- ၈း၅၅ သွားကျန်းမာရေးနှင့် သွားတိုက်ဆေး
- ၉း၁၀ တေးဂီတအစီအစဉ်
- ၉း၁၅ အောင်မြင်ပျော်ရွှင် ဇနီးမောင်နှံဘဝတွင် (ဂရေဟမ်နှင့် မသဉ္ဇာ)
- ၉း၅၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၀း၀၅ Basic Computer Learning for Beginner (Vol:8) (Microsoft Excel)
- ၁၀း၂၀ တေးဂီတအစီအစဉ်
- ၁၀း၂၅ အသည်းကင်ဆာ သိကောင်းစရာ (အပိုင်း–၁) (ပါမောက္ခ ဒေါက်တာခင်မောင်ဝင်း)
- ၁၀း၅၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀း၅၅ အလှတရား၏ လျှို့ဝှက်ချက်
- ၁၁း၁၅ တေးဂီတအစီအစဉ်
- ၁၁း၂၀ အနုပညာရပ်ဝန်းမှ ပွဲတင်သံများ **'ကမ္ဘာ့ကဗျာနေ့'**
- ၁၁း၃၀ မိုးလေဝသခန့်မှန်းချက်
- ၁၁း၃၅ မြန်မာစာ၊ မြန်မာစကား(၂)
- ၁၁း၅၅ တေးဂီတအစီအစဉ်
- ၁၂း၀၀ ဘိုင်းဒါးတံတား
- ၁၂း၁၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၂း၂၀ Yangon Panorama (တိုင်းရင်းဆေးညီလာခံ)
- ၁၂း၃၅ တေးဂီတအစီအစဉ်
- ၁၂း၄၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂း၄၅ တပ်ကြပ်ကြီး ရောနှင့်သူ၏အချစ်စစ်သည်များ (ရော၊ ဗေဒါ၊အုန်းသီး၊ ထင်ပေါ်)
- ၁း၀၀ MRTV-4 အပိတ်Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များအား ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးမှာကြား

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ပုဇွန်တောင်မြို့နယ်တို့မှ မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း **အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ ရပ်ကွက်စည်းရုံးရေးမှူးများ၊ အမှုဆောင်များအား ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးမှာကြားစဉ်။** (သတင်းစဉ်)

ရန်ကုန် မေ ၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၌ မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ပုဇွန်တောင်မြို့နယ်တို့မှ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ ရပ်ကွက်စည်းရုံးရေးမှူးများနှင့် အမှုဆောင်များအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးမှာကြားသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းအား ပုဇွန်တောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဆန်းနီနှင့် မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးဇော်လင်းတို့က မြို့နယ်အသင်း၏လုပ်ငန်းဆောင်ရွက်မှုများကိုရှင်းလင်းတင်ပြကြသည်။

ထို့နောက်ဗဟိုအတွင်းရေးမှူးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ပုဇွန်တောင်မြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်တို့ရှိ ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူးများက ရပ်ကွက်အလိုက် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

ပံ့ပိုးဖြည့်ဆည်း

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ဆွေးနွေးမှာကြားရာတွင် ယခုကဲ့သို့ မိမိမြို့နယ်နှင့် ရပ်ကွက် အခြေအနေများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိပုံနှင့် ရှေ့ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို စနစ်တကျတင်ပြဆွေးနွေးကြသည့်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကိုယ်စား ဝမ်းသာ အားရဖြစ်ရပါကြောင်း၊ မိမိတို့ အသင်းကြီးသည်အမျိုးသားရေး အကျိုးစီးပွားကို သယ်ပိုးဖော်ဆောင်ရန် ဖွဲ့စည်းထားသော အသင်းကြီးဖြစ်ကြောင်း၊ မြို့နယ်အသင်းအသီးသီးတွင် တာဝန်ယူနေကြသော အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ရပ်ကွက်စည်းရုံးရေးမှူးများနှင့် အသင်းဝင်များသည် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ကြရာတွင် တစ်စိတ်တည်း တစ်ဝမ်းတည်း၊ တစည်းတလုံးတည်းဖြင့် ဆက်လက်အကောင်အထည် ဖော်သွားနိုင်သည်နှင့်အမျှ လုပ်ငန်းများ ပိုမိုအောင်မြင်လာမည်ဖြစ်ကြောင်း၊ မိမိတို့အသင်းကြီး အနေဖြင့်လည်း တတ်နိုင်သည့် အပိုင်းက လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ဆွေးနွေးမှာကြား

အသင်းဝင်များအနေဖြင့် လူငယ်ထု အကျိုးပြုလုပ်ငန်းများကို ကျယ်ပြန့်ထိရောက်စွာ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့ အသင်းကြီးသည်အမျိုးသားရေး အကျိုးစီးပွားကို သယ်ပိုးဖော်ဆောင်နေသည့် အသင်းကြီးဖြစ်၍ လူငယ်လူရွယ်များအတွက် နွေရာသီကျောင်းပိတ်ရက်များတွင်အကျိုးပြုသင်တန်းများဖွင့်၍ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ နိုင်ငံတော်၌ လက်ရှိ ဖြစ်ထွန်းနေသော ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ပိုမိုတိုးတက် အောင်မြင်စေရေးအတွက် အသင်းဝင်များအားလုံးက ပြည်သူလူထုနှင့်အတူ အရှိန်အဟုန်မပျက် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း စသည်ဖြင့် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပုဇွန်တောင်မြို့နယ်အသင်းနှင့် မင်္ဂလာတောင်ညွန့်မြို့နယ်အသင်း အတွင်းရေးမှူးများထံ ထောက်ပံ့ငွေနှင့် ဗလာစာအုပ်များကို ပေးအပ်လှူဒါန်းပြီး အသင်းဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

(သတင်းစဉ်)

သိက္ခာထပ်နှင့် ဝိဇာတမွေးနေ့မင်္ဂလာပွဲ

ရန်ကုန် မေ ၃

ရွှေပြည်သာမြို့နယ်၆/၁၀ရပ်ကွက် သဲအင်းဂူရိပ်သာ အမှတ်(၄) ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန ကမ္မဋ္ဌာနာစရိယ ဓမ္မာစရိယ ဆရာတော် ဘဒ္ဒန္တ စန္ဒောဘာသ (စစ်ကိုင်း- ဆုလာဘ်)၏ သိက္ခာထပ်ပွဲနှင့် ဝိဇာတမွေးနေ့အလှူပွဲကို မေ ၆ ရက်တွင် ကျင်းပပြီး နံနက် ၉နာရီခွဲတွင် သံဃာတော် အပါး ၂၀တို့အား သိမ်ဆင်းလောင်းလှူကြမည်ဖြစ်ရာ အလှူရှင်များကြွရောက်ရန် ဥပဋ္ဌာကအဖွဲ့က ဖိတ်ကြားထားကြောင်း သိရသည်။ **(၃၅၂)**

ရူပဗေဒကျောင်းသားများ အာစရိယပူဇော်ပွဲ

ရန်ကုန် မေ ၃

ရန်ကုန်တက္ကသိုလ် (ဗိုလ်တထောင်နယ်မြေ) ၁၉၈၄-၈၅ပညာသင်နှစ် ရူပဗေဒသင်တန်းသို့ တက်ရောက်ခဲ့သော ရူပဗေဒမိသားစု ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲအခမ်းအနားကို မေ ၁၂ရက် (စနေနေ့) နံနက် ၈နာရီတွင် တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုပါက ဖုန်း-ကိုဇော်ဝင်း(ဘုရင့်နောင်ပွဲရုံ) ၀၉-၅၁-၂၁၀၈၄၊ ၆၈၂၉၅၆၊ ကိုမိုးကျော်သူ ဖုန်း-၀၉-၅၀-၀၂၅၂၄၊ ကိုမြင့်ဇော် ၀၉-၅၁-၇၃၂၂၉၊ ကိုမောင်မောင် ၀၉-၈၀-၂၃၇၇၉၊ ၀၉-၅၁-၁၅၄၅၁၊ ဗိုလ်ကြီးကျော်စိုးဟန် ဖုန်း-၀၉-၅၁-၈၄၂၅၀၊ မဖြိုးဖြိုးအိ ဖုန်း- ၂၉၃၃၀၁တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

တာမွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အခြေခံစည်းရုံးရေးသင်တန်းအမှတ်စဉ် (၃၁)ဖွင့်

ရန်ကုန် မေ ၃

တာမွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကဖွင့်လှစ်သော အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ် (၃၁) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့မွန်းတည့် ၁၂ နာရီက မြို့နယ်အသင်းရုံးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်လှိုင်၊ တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်း၊ တာမွေမြို့နယ် စည်ပင်သာယာရေးကော်မတီ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဝင်း၊ မြို့နယ်အသင်းအတွင်းရေးမှူး ဒေါ်လဲ့လဲ့ဝင်းဆွေနှင့် အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းတာဝန်ခံ မြို့နယ်အသင်း တွဲဖက်အတွင်းရေးမှူး ဦးဝင်းမော်နှင့် သင်တန်းကြီးကြပ်မှုကော်မတီများ၊ ရပ်ကွက်စည်းရုံးရေးမှူးနှင့် အမှုဆောင်များ၊ တာမွေမြို့နယ်အတွင်းရှိ အနေးယာဉ်လုပ်သား သင်တန်းသား ၅၁ဦးတို့ တက်ရောက်ကြသည်။

အဖွင့်စကား

ရှေးဦးစွာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်လှိုင်၊ တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းနှင့် တာမွေမြို့နယ် စည်ပင်သာယာရေးကော်မတီ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဝင်းတို့က သင်တန်းဖွင့် အမှာစကား ပြောကြားကြသည်။ **(က-ပ)**

တိပိဋကဓရစာအောင်သံဃာ ပူဇော်ပွဲကျင်းပမည်

ရန်ကုန် မေ ၃

တိပိဋက ဓမ္မရက္ခိတ အဖွဲ့၏ ထောက်ပံ့ပူဇော်မှုကိုခံယူ၍ နိုင်ငံတော်အစိုးရကကြီးမှူးကျင်းပသည့် (၅၉)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် ဖြေဆိုအောင်မြင်တော်မူကြသည့် သာသနာ့ အာဇာနည် အရှင်မြတ်၅၀တို့အား ချီးကျူးဂုဏ်ပြု ပူဇော်ပွဲကို နယုန်လဆန်း ၁၂ရက် (မေ ၂၇ ရက်) တနင်္ဂနွေနေ့ နံနက် ၉ နာရီတွင် အဖွဲ့တည်ရာ အမှတ် ၁၅ ကြားတောရလမ်း ရွှေတိဂုံဘုရား အရှေ့ဘက် ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်သည်။

ဂုဏ်ပြုပူဇော်မည်

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌနှင့် အကျိုးတော်ဆောင် ဆရာတော်ကြီး၊ တိပိဋကဓရ ဩဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌနှင့် အကျိုးတော်ဆောင်ဆရာတော်ကြီး၊ တိပိဋကဓရ တိပိဋက ကောဝိဒ ဆရာတော် ခုနစ်ပါးနှင့် စာအောင်အရှင်မြတ်များက တိပိဋကဓရတစ်ပါး၊ မူလအာဘိဓမ္မိက တစ်ပါး၊ ဒီဃနိကာယကောဝိဒသုံးပါး၊ဒီဃဘာဏက တစ်ပါး၊ ဝိနယကောဝိဒနှစ်ပါး၊ဝိနယဓရရှစ်ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ငါးပါး၊ ဥဘတော ဝိဘင်္ဂဓရ (အထူးအောင်) သုံးပါး၊ ဥဘတောဝိဘင်္ဂဓရ နှစ်ဆယ့်ခြောက်ပါး စုစုပေါင်းဆရာတော် သံဃာတော် ၆၁ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းတို့ဖြင့် ချီးကျူးဂုဏ်ပြုပူဇော်မည်ဖြစ်ရာ ကြွရောက်ကြည်ညိုပူဇော်နိုင်ပါကြောင်းနှင့် လှူဒါန်းလိုပါက တိပိဋကဓမ္မရက္ခိတ အဖွဲ့ရုံး အမှတ် ၁၅ ကြားတောရလမ်း ရွှေတိဂုံဘုရား အရှေ့ဘက် ဗဟန်းမြို့နယ် ဖုန်း-၃၈၂၁၁၁၊ ၂၄၈၂၂၄တို့သို့ ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

The Live News ဂျာနယ် အမှတ်(၃၃)ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၃

ရွှေပြည်စိုး စာပေတိုက်မှ အပတ်စဉ် ထုတ်ဝေ ဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ် အမှတ်(၃၃)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

ထင်းအဖြစ်မှ ရွှေနဂါး၊ ငွေနဂါး စားပွဲအဖြစ်သို့၊ မြန်မာနိုင်ငံ၏ ပထမဆုံးသော ကျောက်မျက်လုပ်ငန်းရှင်များအသင်း ဖွဲ့စည်းမည်၊ ၁၀၅ အဖြူယာဉ်များ စည်းကမ်းပျက်မှုရှိနေသဖြင့် ခရီးသည်များ အခက်အခဲတွေ့ကြုံ၊ အမျိုးသမီးဇာတ်ဆောင်ဆုရအောင် အများကြီးကြိုးစားမယ့် အကယ်ဒမီစိုးမြတ်နန္ဒာ၊ လက်လန်သူများ၊ လူနှင့်အမှိုက်၊ ၂၁ ရာစုခေတ်နှင့် ဘုရင်စနစ်၏ အလားအလာ၊ လေကြောင်းမှ အသေခံတိုက်ခိုက်မည့် အကြမ်းဖက်အဖွဲ့အား ဆော်ဒီအာရေဗျတွင် ဖြိုခွဲနိုင်ခဲ့၊ ဂျပန်ဝန်ကြီးချုပ် အမေရိကန်သို့သွားရောက်လည်ပတ်၊ အနောက်နိုင်ငံတွေကို ဝေဖန်တိုက်ခိုက်လိုက်သည့် သမ္မတ ပူတင်၊ အမေရိကန်အထက်လွှတ်တော်က သမ္မတကိုစိန်ခေါ်၊ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းရဲ့ ရက်၁၀၀တောလား၊ ကိုယ်ပိုင်လေယာဉ်ကို ကိုယ်တိုင်မောင်းမယ်ဆိုတဲ့ တရုတ်ရုပ်ရှင်မင်းသမီး၊ တက္ကစီမင်းနှင့် ဘုရားဖူးမောင်ရိုးအဖွဲ့၊ မေ၅ရက်မှ ၁၁ရက်အတွင်း မွေးဖွားမည့် ရင်သွေးငယ်များအတွက် ဘဝတစ်သက်တာကံဇာတာ၊ ကိုရီးယားရုပ်ရှင်ကြိုတင်ဇာတ်လမ်းများစသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို ဝေဝေဆာဆာ တင်ဆက်ထားသည်။

The Live News ဂျာနယ်သို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စ ဆောင်ရွက်လိုသူများသည် အမှတ်၃၁၀ ဝါးတန်းလမ်း မြေညီထပ် အခန်း၀၀၄ လမ်းမတော်မြို့နယ် ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မီးနင်းချောင်းမှသည် ပွိုင့် ၈၇၇ ဆီသို့

ဦးစိုး (ပြည်)

ပဲခူးရိုးမ တောင်တန်းကြီးသည် မှိုင်းမှုန်ဝေနေသည်။ နွေအခါဖြစ်၍ သစ်ပင်အချို့သည် အဝါရောင်သန်းကာ သစ်ရွက်တို့ကြွေနေသည်။ အချို့သစ်ပင်တို့မှာကား ရွက်သစ်တို့ဝေ၍ စိမ်းစိုနေသည်။ ဤတောင်တန်းကြီးသည် မြန်မာပြည်၏ အလယ်ဗဟိုတွင် တောင်နှင့်မြောက် သွယ်တန်းနေသည်။ အထူးသဖြင့် ပဲခူးတိုင်းကို အရှေ့ခြမ်းနှင့် အနောက်ခြမ်းဖြစ်စေရန် ကာဆီးထားလေသည်။ လမ်းပန်းဆက်သွယ်ရေးကို အဟန့်အတား ဖြစ်စေသည်။

သို့ဖြစ်၍ နိုင်ငံတော်အကြီးအကဲက နိုင်ငံတစ်ဝန်းတွင်လမ်းနှင့်တံတားများကိုထုနှင့်ထည်နှင့်တည်ဆောက်စေသည်။ ယခင်ခေတ်အခါက အိပ်မက်ပင် မမက်ခဲ့သော တံတားများ၊ အိပ်မက်မက်ခဲ့သော တံတားများ၊ ယခုအခါ မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်သည်။ အလားတူ လမ်းများသည်လဲ နယ်မြေဒေသအသီးသီးတွင် အလျှိုအလျှို ပေါ်ပေါက်လာသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန် တာဝန်(၅)ရပ် ချမှတ်ပေးထားသည်။

- **ကျေးလက်ဒေသများ လမ်းပန်းဆက်သွယ်မှု ချောမွေ့ ကောင်းမွန်စေရေး၊**
- **ကျေးလက် သန့်ရှင်းသော သောက်သုံးရေ ရရှိရေး၊**
- **ကျေးလက်နေ ပြည်သူများ၏ ပညာရေးအဆင့် မြှင့်တင်ရေး၊**
- **ကျေးလက်နေ ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု မြှင့်တင်ပေးရေး၊**
- **ကျေးလက်ဒေသ စီးပွားရေး ဖွံ့ဖြိုးတိုးတက် ရေး၊**

သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များက အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ခရိုင်ချင်းဆက်လမ်း အမှတ်(၁)သည် ရန်ကုန်တိုင်း (ညောင်နှစ်ပင်)မှ စတင်ကာ ပဲခူး(အနောက်)၊ မကွေး၊ မန္တလေးတိုင်း (တံတားဦး)အထိ မိုင် ၄၀၀ ရှည်လျားသည်။ လုပ်ငန်းများကို ၂၀၀၂–၂၀၀၃ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သည်။ မြေတိုင်းပုံထုတ်လုပ်ငန်း၊ တစ်ကြောင်းထိုး လုပ်ငန်း၊ မြေသားလမ်းလုပ်ငန်း၊ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း၊ သစ်သားနှင့် ပြွန်တံတားလုပ်ငန်းများ ပါဝင်သည်။

တိုက်ကြီးမြို့နယ်နှင့် သာယာဝတီမြို့နယ် နယ်စပ်ရှိ မီးနင်းချောင်းမှသည် ပွိုင့် ၈၇၇ (ပေါက်ခေါင်းမြို့နယ်နှင့် အောင်လံမြို့နယ် နယ်စပ်) တောင်ကုန်းသည် ၁၃၁ မိုင် ၃ ဖာလုံကွာဝေးပြီး ပဲခူးတိုင်း (အနောက်ပိုင်း) အတွင်း တည်ရှိသည်။ သာယာဝတီ မြို့နယ်တွင် (၉/၄) မိုင်၊ လက်ပံတန်းမြို့နယ်တွင် (၁၁/၆)မိုင်၊ မင်းလှ မြို့နယ်တွင် (၁၄/၃)မိုင်၊ အုတ်ဖို မြို့နယ်တွင် ၁၄ မိုင်၊ ကြို့ပင်ကောက်မြို့နယ်တွင် (၆/၅) မိုင်၊ ဇီးကုန်းမြို့နယ်တွင် (၄/၁)မိုင်၊ နတ်တလင်းမြို့နယ်တွင် ၁၀မိုင်၊ ပေါင်းတည်မြို့နယ်တွင် ၂၃မိုင်၊ ပေါက်ခေါင်းမြို့နယ် တွင် ၃၈ မိုင် အသီးသီးပါဝင်ကြသည်။

ခရိုင်ချင်းဆက် လမ်းအမှတ်(၁) ပဲခူးတိုင်း (အနောက်ပိုင်း)တွင် လမ်းအရှည်စုစုပေါင်း ၁၃၁ မိုင်၊ ၃ ဖာလုံရှိသည့်အနက် ၂၀၀၂–၂၀၀၃ ဘဏ္ဍာရေးနှစ်မှ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်တာကာလအတွင်း ကျောက်ချောလမ်း ၁၂၆ မိုင် ၃ဖာလုံ၊ သစ်သားတံတား ၄၂ စင်း၊ ပြွန်တံတား ၁၅၁ စင်း ဆောင်ရွက်ခဲ့သည်။

ဇီးကုန်းမြို့နယ်စပ်နှင့် ကြို့ပင်ကောက်မြို့နယ်စပ် ဆက်သွယ်တည်ဆောက်ထားသည့် ၁၇၅ပေရှည် ဘော်ဘင်ချောင်း ပေါင်းကူးတံတားကို ဤသို့တွေ့ရသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနက မြို့ပြဖွံ့ဖြိုးရေးသာမက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းတာဝန်ကြီး(၅)ရပ် အနက်မှ ပထမနှင့် ဒုတိယ တာဝန်များဖြစ်သော လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်စေရေးနှင့် ကျေးလက်သန့်ရှင်းသော သောက်သုံးရေ ရရှိရေးကို တိုင်းနှင့်ပြည်နယ်အသီးသီးတွင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဝန်ကြီးဌာနသည် အပူပိုင်းဒေသ ရေရရှိရေးစီမံကိန်း [စစ်ကိုင်း၊ မန္တလေး၊ မကွေး)၊ ကျေးလက်အိမ်ရာ ဆောက်လုပ်ရေးစီမံကိန်း (စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ ပဲခူး(အရှေ့)၊ ပဲခူး(အနောက်)၊ ရန်ကုန်၊ ဧရာဝတီ]၊ ခရိုင်ချင်းဆက်လမ်း အမှတ်(၁) [မန္တလေး၊ မကွေး၊ ပဲခူး(အနောက်)၊ ရန်ကုန်]၊ ခရိုင်ချင်းဆက် လမ်းအမှတ်(၂) [မန္တလေး၊ ပဲခူး(အရှေ့)၊ မွန်ပြည်နယ်] ဖောက်လုပ်ရေး စီမံကိန်းများကို ဖော်ပြပါ တိုင်းနှင့်ပြည်နယ် အသီးသီးတွင် တာဝန်ယူဆောင်ရွက်လျက် ရှိသည်။

ပဲခူးတိုင်း (အနောက်ပိုင်း)တွင် ခရိုင်ချင်းဆက်လမ်းအမှတ်(၁) ဖောက်လုပ်ရာ၌ ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့က ကြီးကြပ်ကာ

ယခုဘဏ္ဍာရေးနှစ်ဖြစ်သော ၂၀၀၇–၂၀၀၈ တွင် သစ်သားတံတား ၅၆ စင်း၊ ရေကျော် ၂၆ စင်း၊ ပြွန်တံတား ၉၂ စင်း တည်ဆောက်ပြီးစီးပါက နွေ၊ မိုး၊ ဆောင်း ရာသီမရွေး သွားလာနိုင်သည့် လမ်းမကြီးတစ်ခု ဖြစ်ပေါ်လာမည် ဖြစ်သည်။ လုပ်ငန်းများ နှစ်အလိုက် ဆောင်ရွက်ခဲ့မှု အခြေအနေကို ဇယားဖြင့် ဖော်ပြထားသည်။

၂၀၀၂–၂၀၀၃မှ ၂၀၀၇–၂၀၀၈ အထိ လုပ်ငန်းအလိုက် ဆောင်ရွက်ပြီးစီးမှုအခြေပြဇယား

စဉ်	လုပ်ငန်းအမည်	စုစုပေါင်း လမ်းအရှည်	၂၀၀၂–၀၃ ပြီးစီးမှု	၂၀၀၃–၀၄ ပြီးစီးမှု	၂၀၀၄–၀၅ ပြီးစီးမှု	၂၀၀၅–၀၆ ပြီးစီးမှု	၂၀၀၆–၀၇ ပြီးစီးမှု	၂၀၀၆–၀၇ထိ စုစုပေါင်း ပြီးစီးမှု	၂၀၀၇–၂၀၀၈	
									လျာထား	ပြီးစီး
၁	မြေတိုင်းပုံထုတ်	၁၃၀/၁	၂၀/၀	၄၀/၀	၇၀/၁	–	–	၁၃၀/၁	–	–
၂	တစ်ကြောင်းထိုး	၁၂၅/၄	၆၄/၂	၃၂/၀	၂၉/၂	–	–	၁၂၅/၄	–	–
၃	မြေသားလမ်း	၁၂၅/၄	၅/၇	၃၂/၁	၈၇/၄	–	–	၁၂၅/၄	–	–
၄	ကျောက်ချောလမ်း	၁၂၆/၃	၄/၀	၁၈/၃.၀	၁၂/၅	၃၀/၀	၆၁/၂.၆	၁၂၆/၂.၆	–	–
၅	ပြွန်တံတား	၂၄၃စင်း	၁၆စင်း	၃၃စင်း	၃၁စင်း	၄၀စင်း	၃၁စင်း	၁၅၁စင်း	၉၂စင်း	–
၆	သစ်သားတံတား	၉၉/၆၅၇၀'	၃/၁၀၀'	၈/၂၄၀'	၃/၁၅၀'	၈/၆၄၀'	၂၀/၁၂၇၀'	၄၂/၂၄၀၀'	၅၆/၃၅၈၅'	–
၇	ရေကျော်		–	–	–	–	–	–	၂၆/၁၃၃၀'	–

ရှင်းလင်းချက်။ ကျောက်ချောလမ်း(၁၂၆/၂.၆)မိုင်၊ အခြားဌာနလမ်းများ (၃/၆.၄)မိုင်၊ တံတားအရှည်(၁/၂)မိုင် စုစုပေါင်း (၁၃၁/၃)မိုင် ဖြစ်ပါသည်။

ပဲခူးတိုင်း(အနောက်ပိုင်း)ရှိ ခရိုင်ချင်းဆက်လမ်း အမှတ်(၁)သည် ရန်ကုန်–ပြည် နိုင်လွန်ကတ္တရာလမ်းမကြီး အရှေ့ဘက် ၁၀ မိုင်ခန့်အကွာတွင် တည်ရှိပြီး ပဲခူး(ရိုးမ) တောင်ခြေကျေးရွာများအတွက် အားကိုးအားထားရာ လမ်းမကြီးတစ်ခုဖြစ်သည်။

ယခင်အခါက ပဲခူးတိုင်း(အနောက်ပိုင်း)အတွင်း ပါဝင်သောမြို့များမှ တောင်ခြေ ကျေးရွာများသည် ၎င်းတို့၏ အနောက်ဘက်တွင်ရှိသော မြို့များသို့သာ သွားလာနိုင်ကြသည်။ ရွာများ၏ တောင်နှင့်မြောက်ဘက်များကိုမူ ခြေကျင်လမ်းကိုသာ အားထားရသည်။ ထို့အတွက် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးဖွံ့ဖြိုးမှု နောက်ကျ ကျန်ခဲ့သည်။

ယခုအခါတွင်မူ သာယာဝတီနယ် မြစိမ်းတောင်ညို အနီး ရွာများမှသည် လှည်းလမ်းကူးရွာ လက်ပံတန်းနယ်မှ ကမ်းပြိုကြီးရွာ၊ ကညင်ပင်စမ်းရွာ၊ အုတ်ဖိုမှ ဆယ်ရွာ၊ ကြို့ပင်ကောက်မှ ညောင်ပင်အိုင်ရွာ၊ ဇီးကုန်းမှ ဘော်ဘင်ရွာ၊ နတ်တလင်းမှ ရွာသာယာ၊ တောင်ညိုရွာ၊ ပေါင်းတည်မှ ကြာနီကန်ရွာ၊ ပေါက်တောရွာ၊ အင်္ဂရွာ၊ ပုံချီတက်ရွာ၊ ပေါက်ခေါင်းမှ တောင်လက်ကြီးရွာ၊ ဝက်တိုးရွာ၊ မြောက်လက်ကြီး၊ ထန်းတစ်ပင်၊ ဝါးရုံပင်လယ်၊ ကုတင်ငါးဆင့်၊ ငါးမြွေဇင်း၊ ကျွန်းတောကြီး စသည့် ရွာကြီးများသို့ တောင်ဘက်အစွန်းဆုံးရွာမှသည် မြောက်ဘက်စွန်းရွာများအထိ တိုင်းအတွင်း မော်တော်ကား၊ မော်တော်ဆိုင်ကယ်တို့ဖြင့် လွယ်ကူသက်သာစွာ သွားလာနိုင်ကြပြီ ဖြစ်သည်။

လမ်းများဖောက်လုပ်ရာတွင် ချောင်းမြောင်းများကို ဖြတ်သန်း ဖောက်လုပ်ရသည်ဖြစ်ရာ ချောင်းများနေရာတွင် တံတားများ၊ မြောင်းများနေရာတွင် ပြွန်တံတားများ လိုအပ်ချက်အရ ဆောက်လုပ်ခဲ့သည်။ ပဲခူးတိုင်း (အနောက်ပိုင်း)အတွင်း ချောင်းကြီးများဖြစ်သော သုံးဆယ်ချောင်း တံတားပေအရှည် ၁၂၀၊ ကံတင် ဘီးလင်းချောင်း တံတားပေအရှည် ၁၁၀၊ မုက္ခချောင်းတံတား ပေအရှည် ၈၀၊ မင်းလှချောင်း တံတား ပေအရှည် ၉၀၊ ဂမုန်းချောင်းတံတား ပေအရှည် ၇၀၊ မြို့လယ်ချောင်းတံတား ပေအရှည် ၁၅၀၊ ဘော်ဘင်ချောင်းတံတား ပေအရှည် ၁၇၅ပေ၊ မင်းဘူးချောင်းတံတား ပေအရှည် ၆၀၊ တောင်ညိုချောင်းတံတား ပေအရှည် ၁၄၀၊ ဝဲကြီးချောင်းတံတား အရှည် ၁၆၅ ပေရှိသော သစ်သားတံတား ပေ ၁၀၀ အထက် ခြောက်စင်းဆောက်လုပ်ခဲ့ပြီး ပေ ၁၀၀ အောက် သစ်သားတံတား ၃၆စင်း ဆောက်လုပ်ခဲ့သည်။

ဤခရိုင်ချင်းဆက် လမ်းအမှတ်(၁)သည် ပဲခူးတိုင်း(အနောက်ပိုင်း) အတွင်းရှိ ရန်ကုန်–ပြည် နိုင်လွန်ကတ္တရာလမ်းမကြီး၏ အရှေ့ဘက် ၁၀မိုင်ခန့်အကွာတွင် ၎င်းလမ်းနှင့်အပြိုင်တည်ရှိပြီး ပဲခူး(ရိုးမ)တောင်ခြေကျေးရွာများအတွက် အားကိုးရာ၊ အားထားရာလမ်းမကြီး တစ်ခု ဖြစ်ပေါ်ခဲ့ပေပြီ။

နိုင်ငံတော်အကြီးအကဲ၏ ကျေးလက်ဒေသ ဖွံ့ဖြိုးစေရေး စေတနာဆန္ဒများထဲမှ တစ်ခုဖြစ်သော ခရိုင်ချင်းဆက် လမ်းအမှတ်(၁)သည် သွားရေးလာရေး လွယ်ကူ အဆင်ပြေရန်အတွက် ပဲခူးတိုင်း(အနောက်ပိုင်း)အတွင်း "မီးနင်းချောင်းမှသည် ပွိုင့် ၈၇၇ တောင်ကုန်း" ဆီသို့ "လမ်းပန်းအပွင့်၊ စခန်းအသင့်၊ ကမ်းလင့်" နေပြီ။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

"ကျေးလက်ဒေသများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများအား သက်ဆိုင်ရာမြို့ပေါ်ရှိ ဈေးကွက်သို့ လွယ်လင့်တကူ ချောချောမောမော ရောက်ရှိလာစေရန် ကျေးရွာလမ်းများကို ပြုပြင်ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ ကျေးလက်ဒေသလမ်းများ တိုးတက်ကောင်းမွန်မှသာ သွားလာရေး အဆင်ပြေချောမွေ့ပြီး ကျေးလက်ဒေသနေ ပြည်သူလူထုအများစု၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အဆင့်အတန်းများ တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်၍ ကျေးလက်များအား တစ်ဆင့်ပြီးတစ်ဆင့် စီမံချက်ချကာ ပြုပြင်ပေးဖို့ အလေးထားရမည် ဖြစ်ကြောင်း"

လမ်းညွှန်မှာကြားထားသည်။

နိုင်ငံတော်အကြီးအကဲ၏ ကျေးလက်ဒေသ ဖွံ့ဖြိုးစေရေး စေတနာ ဆန္ဒများထဲမှ တစ်ခုဖြစ်သော ခရိုင်ချင်းဆက် လမ်းအမှတ်(၁)သည် သွားရေးလာရေး လွယ်ကူအဆင်ပြေရန်အတွက် ပဲခူးတိုင်း(အနောက်ပိုင်း)အတွင်း "မီးနင်းချောင်းမှသည် ပွိုင့် ၈၇၇ တောင်ကုန်း"ဆီသို့ "လမ်းပန်း အပွင့်၊ စခန်းအသင့်၊ ကမ်းလင့်"နေပြီဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ ကြီးမှူး ကျပန်းစကားပြောပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကျင်းပ

ရန်ကုန် မေ ၃

ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ကျပန်းစကားပြောပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဧပြီ ၂၃ရက် မွန်းလွဲ ၁နာရီက ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ကျင်းပရာ ရှေးဦးစွာ တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းမှူး၏ဇနီး ဒေါ်သန်းသန်းနွဲ့က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ကြီး၏ ရည်မှန်းချက်၊ ရည်ရွယ်ချက်များ အောင်မြင်အောင် အသင်းဝင်တိုင်းက အားကြိုးမာန်တက်ဆောင်ရွက်ပြီး ဗဟုသုတများရှာဖွေကာ နိုင်ငံနှင့်ပြည်သူ အကျိုးကို အလေးထား ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ၾငင်းနောက် ဆုပေးပွဲကိုကျင်းပရာ တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သန်းသန်းနွဲ့က ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆုရ အိမ်မဲမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ဇော်၊ ဒုတိယဆုရ ရွှေသောင်ယံ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်အောင်၊ တတိယဆုရ ဇလွန်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အယ်လ်ဂျာခေါ်နန်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

ထို့နောက် တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီအောင်က နှစ်သိမ့်ဆုရရှိသူများကို ဆုများပေးအပ်ကာ အကဲဖြတ်ဒိုင်အဖွဲ့ကိုယ်စား ခရိုင်ပညာရေးမှူး ဦးကြည်အောင်အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ ဆက်လက်၍ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌအနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရ မြင့်အောင်နှင့်ဇနီး၊ တက်ရောက်လာသူများသည် ပထမဆုရသူများ၏ပြန်လည်သရုပ်ပြယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးသည်။ **(သတင်းစဉ်)**

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၄)၊ အမှတ်(၁၀) ထွက်ပြီ

ရန်ကုန် မေ ၃

ဝယ်လိုအားများလို့ ဈေးကောင်းနေတဲ့ ကျောက်ပုစွန်၊ မော်တော်ယာဉ်များ အမှုကင်းရှင်းမှသာ ဓာတ်ငွေ့များ၊ စက်သုံးဆီများ ထုတ်ယူခွင့်ပြုမည်။ စီးပွားဖြစ်နေသော ပင်လယ်မျှော့ခြောက်၊ ပင်လယ်ရေမှော်ကို ကုန်ချောပြုပြင် ထုတ်လုပ်သည့် စက်ရုံတည်ဆောက်မည်။ ဒီရေတော စိုက်ခင်း ငါးနှစ် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည်အစရှိသည့် သတင်းများအပြင် ဒီရေဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေး(ခင်မောင်လင်း)၊ ရှားပါးတင့်ဆန်းတမလန်းအကြောင်း အောင်စိုးလွင်(မြန်မာစာ)၊ သီးနှံဖျက်ပိုးများ(ဘုန်းမြင့်ဆွေ)၊ အိပ်မက်အကြီးစား မက်ပါ (မြင်းခြံ ကျော်အောင်)၊ ဖြည့်ဆည်းသင့်သည်များ ထားမြတ်မာ(မြန်မာစာ)၊ ငါန်းဇွန်မြို့က မြန်မာ့ရိုးရာနွားလှည်းအကြော့မောင်းပြိုင်ပွဲ ဖွဲ့မောင်(ဝဲလောင်) ဆောင်းပါးများနှင့် လိပ်ခဲတည်းလည်း ဆီးရီးယား အစ္စရေး ဆွေးနွေးပွဲ၊ ကမ္ဘာကြီးပူနွေးလာမှုနှင့် ထိခိုက်မှုများ၊ အမေရိကန်ကြောင့် အီရတ်စစ်ပွဲအတွင်း တစ်လလျှင် လူ ၁၅၀၀၀ သေဆုံးလျက်ရှိ၊ ဘတစ်ပြန်ကျားတစ်ပြန် ကိုရီးယားနှင့် အမေရိကန်အစ ရှိသည့် နိုင်ငံတကာသတင်းများလည်း စုံစုံလင်လင် ဖော်ပြထားသည်။

စိမ်းလဲ့ရွှေပြည်ဂျာနယ် **(အပေါ်ပုံ)** ကို စာပေဗိမာန်စာအုပ်ဆိုင်၊ ဝါမိုးအောင်၊ ဆင်တောင်ကြီးမနီလာ၊ NPE စာအုပ်ဆိုင်နှင့်ပန်းရွှေပြည်(သိမ်ဖြူလမ်း)စာအုပ်ဆိုင်များ၌ ဝယ်ယူနိုင်ပြီး စာမူပေးပို့လိုလျှင် စာတည်းမှူးချုပ် စိမ်းလဲ့ရွှေပြည်ဂျာနယ် အမှတ်(၂၂၈)သိမ်ဖြူလမ်း ရန်ကုန် ဖုန်း-၃၈၂၀၇၀ သို့ ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေဥရတနာ ရွှေကျောင်းတော် အာယုဒါနအလှူတော် အထူးတရားပွဲ

ရန်ကုန် မေ ၃

သန်လျင်မြို့နယ် မြို့ဟောင်း အလယ်ရပ်ကွက်ရှိ မဟာမဏ္ဍိမာရုံ ပရိယတ္တိစာသင်တိုက်အတွင်း ရွှေဥရတနာ ရွှေကျောင်းတော်၌ အာယုဒါန အလှူတော် အထူးတရားပွဲများ ကျင်းပမည်ဖြစ်ရာ မေ ၅ရက်တွင် တိပိဋကရေ ယောဆရာတော် အရှင်သိရိန္ဒာဘိဝံသ၊ ၆ ရက်တွင် ဓမ္မဒူတဆရာတော် ဒေါက်တာအရှင်ပညိသရ၊ ၇ ရက်တွင် ကျောက်တလုံးတောရ ဆရာတော် ဝနဝါသီ အရှင်ဝါသေဋ္ဌာဘိဝံသ၊ ၈ ရက်တွင် မဏ္ဍိမဂုဏ်ရည် ဆရာတော် ဒေါက်တာအရှင်ကောဝိဒ၊ ၉ ရက်တွင် သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရတို့က ညစဉ် ၇ နာရီ၌ တရားရေအေးတိုက်ကျွေးမည်ဖြစ်ပါသဖြင့် အာယုဒါနကုသိုလ်အတွက် ဖုန်း-၀၉-၉၉-၂၂၁၀၅၊ ၀၉-၅၁-၅၆၇၄၄၊ ၀၉-၅၀-၁၆၆၂၈ တို့သို့ ဆက်သွယ်လှူဒါန်းကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် (၇)ရပ်ကွက် (၁၆)လမ်းနေ ဖခင် ဦးဘွန်ချစ်-မိခင်ဒေါ်ကျင်ရွှေ(ခ) ဒေါ်စာပေါ်တို့နှင့် အစ်မကြီး ဒေါ်ကျင်ပွား(ခ) ဒေါ်တူဘို၊ အစ်မ ဒေါ်ကျင်လှ(ခ) ဒေါ်အန်းကူ၊ အစ်ကို ဦးအောင်သန်းတို့အား ရည်မှန်း၍ ဦးကျော်ရင်၏မွေးနေ့ အထိမ်းအမှတ် ငွေပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆောင်သစ်အတွက် ငွေကျပ် ၁၀ သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွန်းနှင့် တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မင်္ဂလာဈေး ဓမ္မာရုံ ထေရဝါဒ အထူးတရားပွဲ

ရန်ကုန် မေ ၃

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကြားတောရလမ်း ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်အနီး ကြေးသွန်းဘုရားကြီးရှေ့ရှိ မင်္ဂလာဈေးဓမ္မာရုံ၌ မေ ၆ ရက်တွင် နိုင်ငံတော် ကိုးဘွဲ့ရ ဆရာတော်အရှင်အာစာရာလင်္ကာရက လည်းကောင်း၊ မေ ၇ရက်တွင် ဓမ္မစေတီဆရာတော် အရှင်ကောသလ္လက လည်းကောင်း ထေရဝါဒ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

လှူစီးတွဲနှင့်ကုန်တွဲစက်ရုံ(မြစ်ငယ်) ဝန်ထမ်းမိသားစုသက်ကြီးပူဇော်

မန္တလေးတိုင်း အမရပူရမြို့နယ် မြန်မာ့ မီးရထား လူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်) ဝန်ထမ်းမိသားစု ကုန်ထုတ်လုပ်ငန်းမှ အသက်(၇၅)နှစ်နှင့် အထက် အဘိုး၊ အဘွားများအား (၁၄)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၇ ရက် နံနက် ၈နာရီက မြစ်ငယ်ဇေတဝန်ဓမ္မာရုံ၌ကျင်းပရာတက်ရောက်လာကြသူများက အဘိုး၊ အဘွားများအား ကန်တော့ကြပြီး မြန်မာ့မီးရထား ကုန်ထုတ်လုပ်ငန်းမှ အဘိုး၊ အဘွား၁၅၂ဦးတို့အားတစ်ဦးလျှင်ငွေကျပ် ၁၅၀၀၀ စီဖြင့်လည်းကောင်း၊ အထွေထွေ မန်နေဂျာဦးထွန်းဦး(ရုံးချုပ်) နှင့်ဇနီး ဗိုလ်ကြီးဥမ္မာကျော် မိသားစုတို့က အဘိုး၊ အဘွား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀စီဖြင့်လည်းကောင်း၊ ဒုတိယအထွေထွေ မန်နေဂျာ(မြစ်ငယ်) ဦးမျိုးမြင့်နှင့်ဇနီး ဒေါ်နီလာလတ် မိသားစုက အဘိုး၊ အဘွား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀စီဖြင့်လည်းကောင်း၊ အထွေထွေ မန်နေဂျာ (မြစ်ငယ်) ဦးကြင်မော်နှင့်ဇနီး ဒေါက်တာမေဆည် မိသားစုတို့က အသက် (၉၀)ကျော် အဘိုး၊အဘွား ခြောက်ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀စီဖြင့်လည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းကြသည်။ (၂၀၉)

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

မိုးညှင်းမြို့ စာအောင်သံဃာတော်များ စူဠဘွဲ့နှင်းသဘင်

၂၀၀၆ခုနှစ် ပါဠိပထမပြန်စာမေးပွဲတွင် အောင်မြင်ခဲ့ကြသည့် စာအောင်သံဃာတော်များ၏ စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို ဧပြီ ၈ရက် မွန်းတည့် ၁၂ နာရီက မိုးညှင်းမြို့ စိမ်းလဲ့ရတနာခန်းမ၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် မိုးညှင်းမြို့ဇေယျသုခဝါဆိုကျောင်း ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘဒ္ဒန္တစန္ဒိမာက ဩဝါဒကထာမြွက်ကြားတော်မူပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးတင်လှိုင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားကာ ကချင်ပြည်နယ် အကြီးတန်းပထမဆုဖြင့် ထူးချွန်စွာအောင်မြင်တော်မူသည့် အရှေ့ကျောင်း ပရိယတ္တိစာသင်တိုက်မှ အရှင်ဇာဂရိယအပါအဝင် စာအောင်သံဃာ ၇၇ ပါးတို့အား ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများက အောင်လက်မှတ်နှင့်ဆုများ ဆက်ကပ်လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

ညောင်ရွှေမြို့၌ ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် ဩဝါဒစရိယသံဃာတော်များ ကြီးကြပ်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ညောင်ရွှေမြို့ ရွှေရတု ဆွမ်းစားကျောင်းကြီးတွင် ၁၃၆၈ခုနှစ် ဓမ္မာစရိယနှင့် ပါဠိပထမပြန် စာမေးပွဲတော်ကို ဧပြီ ၃ရက်မှ ၁၁ရက် အထိ ကျင်းပရာ ဓမ္မာစရိယတန်း၊ ပထမကြီးတန်းနှင့် ပထမငယ်တန်းမှ သံဃာတော် ၄၅၀ပါး ကြွရောက် ဖြေဆိုတော်မူကြောင်း သိရသည်။

(၀၂၇)

ကြက်ငှက်တုပ်ကွေး သင်တန်းများဖွင့်

ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့ပူးပေါင်း၍ ဧပြီ ၂၃ရက်က ဟိုင်းကြီးကျွန်း ရပ်ကွက်(၃)တွင် သင်တန်းသား ၇၀ဖြင့်လည်းကောင်း၊ ၂၄ရက်က ရပ်ကွက်(၁)တွင် သင်တန်းသား ၁၅၀ဖြင့်လည်းကောင်း၊ ၂၅ရက်က နယ်မြေခံရေတပ်စခန်းဌာနချုပ်တွင် သင်တန်းသား ၁၂၀ ဖြင့်လည်းကောင်း၊ ၂၇ ရက်က ငပုတောမြို့ အထကခန်းမတွင် မြို့နယ်အတွင်း ဆရာ၊ ဆရာမများ ၁၃၅ဦး ဖြင့်လည်းကောင်း ကြက်ငှက်တုပ်ကွေး ရောဂါကာကွယ်တားဆီးရေး သင်တန်းများကို မြို့နယ်ဦးစီးအရာရှိ ဒေါက်တာစိုးသိမ်းနှင့်အဖွဲ့က ဆွေးနွေးဟောပြောကြပြီး ကျေးရွာအုပ်စုများအား ပိုစတာများ၊ လက်ကမ်းစာစောင်နှင့် အခြားအကာအကွယ်ပစ္စည်းများ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ (ကြံ့ခိုင်ဖွံ့ဖြိုးရေး)

အမျိုးသမီးရေးရာအဖွဲ့ နှစ်ပတ်လည်စည်းဝေး ထပ်ဆင့်ရှင်းလင်း

၂၀၀၆ခုနှစ် အမျိုးသမီးရေးရာအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့် ရှင်းလင်းပွဲကို ပြင်ဦးလွင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာလွင်က ၂၀၀၆ခုနှစ် အမျိုးသမီးရေးရာအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေး ဆွေးနွေးချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားပြီး မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ရီရီဝင်းက အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းများရှင်သန်ထက်မြက်ရေးအတွက် ရပ်ကွက်၊ ကျေးရွာ အမျိုးသမီးရေးရာ အဖွဲ့ဝင်များအား ရှင်းလင်းပြောကြားသည်။ **(၂၈၀)**

မြောင်မြို့နယ်၌ နှမ်းပါးစိုက်တောင်သူများအား စိုက်ပျိုးစရိတ်ထုတ်ချေး

စစ်ကိုင်းခရိုင် မြောင်မြို့နယ် ရွှေပေါက်ပင်ကျေးရွာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက နှမ်းပါးစိုက်ပျိုးသော တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးသည့်အခမ်းအနားကို ဧပြီ ၂ရက် နံနက် ၁၁နာရီခွဲက ကျေးရွာအလယ်တန်းကျောင်း၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စစ်ကိုင်းတိုင်း တာဝန်ခံအားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်ကိုယ်စား အားကစားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီးဖုန်းမြင့်ဦး တက်ရောက်၍ နှမ်းပါးစိုက်တောင်သူများကို ချေးငွေ ထုတ်ပေးရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး စပါးစိုက် ၄၁၇ ဧကအတွက် ထုတ်ချေးငွေကျပ် ၄၁၇၀၀၀၀ ကို နှမ်းပါးစိုက် တောင်သူများထံသို့ နေ့ချင်းပြီး ထုတ်ချေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တာချီလိတ်၌ သက်ကြီးပူဇော်

တာချီလိတ်ခရိုင် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ဧပြီ ၁၇ ရက် နံနက် ၉ နာရီက မြို့နယ်ဓမ္မာရုံ၌ ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များ၊ ဘိုးဘွားရိပ်သာနှင့် မြို့ပေါ်ခြောက်ရပ်ကွက်မှ ဘိုးဘွားများအား နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဟန်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းမြင့်၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ဆက်ကပ်လှူဒါန်းပူဇော် ကန်တော့ကြသည်။ **(၄၂၀)**

တောင်ငူမြို့ ကျုံးရိုးတန်းလမ်း စက်ယန္တရားများဖြင့်မြေညှိ

တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မှုလုပ်ငန်းဖြစ်သော ကျုံးရိုးတန်းလမ်းလုပ်ငန်းအလျားပေ၃၀၈၀၊ အကျယ် ၁၀ပေ၊ ထုခုနှစ်ပေအား ယာဉ်စက်ယန္တရားများဖြင့် မြေညှိ ဆောင်ရွက်နေမှုလုပ်ငန်းကို တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းဇော်ချစ်နှင့်အငယ်တန်းအင်ဂျင်နီယာ (၂) ဦးအောင်သူဝင်းတို့က ကွင်းဆင်းကြပ်မတ်ဆောင်ရွက်သည်။ (မြို့နယ်စည်ပင်)

ထီးချိုင့်မြို့တွင် ရွှေထီးကေရီ စာကြည့်တိုက်ဖွင့်

ကသာခရိုင် ထီးချိုင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်းပြီး ရွှေထီးကေရီ စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၆ရက် နံနက် ၈နာရီက အဆိုပါစာကြည့်တိုက်တွင် ကျင်းပရာ ထီးချိုင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်အေးအေးမြင့်၊ အတွင်းရေးမှူး ဒေါ်စိန်ကြွယ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဌေးလွင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးစိုးစိုး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ဝင်းသိန်း၊ မြို့ပေါ် ငါးရပ်ကွက် အမျိုးသမီးရေးရာအဖွဲ့များက စာအုပ်၊ စာစောင်၊ မဂ္ဂဇင်းနှင့် ဂျာနယ်မျိုးစုံ လှူဒါန်းရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးမြင့်က လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

4-5 (05) 1 5/3/07, 1:49 PM

စွန့်လွှတ်စွန့်စား ရဲစိတ်ရဲမာန် စွမ်းအားသန်ဖြင့် နိုင်ငံအကျိုးသယ်ပိုးနေသော မီးသတ်တပ်ဖွဲ့ဝင်များ

■ ကျောဖုံးမှ

ထို့အပြင် မီးသတ်လုပ်ငန်းတွင် အသုံးပြုသော မီးသတ်ကား၊ မီးသတ်စက်၊ မီးသတ်လုပ်ငန်းသုံးပစ္စည်းများ၊ ကယ်ဆယ်ရေးပစ္စည်းများအစရှိသဖြင့် သုံးစွဲလာနိုင်မှုမှာလည်း တစ်ခေတ်ထက်တစ်ခေတ်၊ တစ်နှစ်ထက်တစ်နှစ် တိုးတက်ပြောင်းလဲလာလျက်ရှိသည်။

စွမ်းရည်ထက်မြက်မှု

ထိုသို့ မီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းရည်ထက်မြက်မှု၊ ကြိုးစားအားထုတ်မှု၊ ပြည်သူတို့၏အသက်အိုးအိမ်စည်းစိမ်များကို စွန့်လွှတ်စွန့်စားသော စိတ်ဓာတ်ဖြင့် ကယ်တင်မှုတို့ကို ဖော်ညွှန်းပြသသည့် သရုပ်ပြသပွဲ

ကယ်ဆယ်ရေးလေ့ကျင့်

ဆီတင်ယာဉ်ပိနေသူအား Hydraulic Power Lifting Bag သုံး၍ ကယ်ဆယ်ရေးလေ့ကျင့်နေစဉ်။

ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

ရှိရာသို့ မြန်မာ့အလင်းသတင်းအဖွဲ့က သွားရောက်လေ့လာခဲ့သည်။

မီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းရည်ထက်မြက်မှု သရုပ်ပြသသည့်နေရာကား ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ မီးသတ်ဦးစီးဌာနရုံးချုပ် စစ်ရေးပြကွင်း၌ဖြစ်သည်။

တွေ့မြင်နေရ

အချိန်ကား နံနက် ၈ နာရီထိုးပြီဖြစ်သည်။ မီးသတ်ဦးစီးဌာနမှ အရာရှိကြီးများ အဆိုပါ စစ်ရေးပြသရုပ်ပြကွင်း၌ ရောက်ရှိနေကြပြီဖြစ်သည်။ ထိုအချိန်တွင် ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးဌာနမှူး ရဲကျော်စွာ ဦးအောင်ကျော်မြင့် ဦးဆောင်လျက် မီးသတ်တပ်ဖွဲ့ဝင် ၃၄၈ဦးတို့က ကွင်းအတွင်း ချီတက်လာရာ ဘင်ခရာအဖွဲ့၏ စစ်သီချင်းတီးလုံးများကြောင့် မီးသတ် တပ်ဖွဲ့ဝင်များ၏ စွန့်လွှတ်စွန့်စားသော စိတ်ဓာတ်နှင့် ရဲစိတ်ရဲမာန်များကို အထင်းသားတွေ့မြင်နေရသည်။

ထိုအခမ်းအနား၌ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမြင့်ထွန်းက မီးသတ်တပ်ဖွဲ့ဝင်များအား စွမ်းရည်ထက်မြက်ရေး၊ စည်းကမ်းစနစ်ကောင်းမွန်ရေးတို့ကိုလည်း မှာကြားခဲ့သည်ကို တွေ့ရသည်။

သရုပ်ပြသမှု

ထို့နောက် သရုပ်ပြအစီအစဉ်များကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာ ပထမဦးစွာပြသသည့် သရုပ်ပြကွက်မှာ မီးသတ်လေ့ကျင့်ရေး မျှော်စင်အမြင့်မှ မီးသတ်တပ်ဖွဲ့ဝင်နှစ်ဦးက ဇောက်ထိုးဆင်းနည်းဖြင့် ဆင်းလျက် **"ရဲဝံ့စွန့်စား မီးသတ်သမား"** ဆောင်ပုဒ်ကားလိပ်ကို ဖြေချ၍ သရုပ်ပြသမှု ဖွင့်လှစ်လိုက်သည်။

ယင်းနောက် ကြိုးတက်နည်းစနစ်ကိုပြသရာ ခြေတစ်ချောင်းပတ်နည်း၊ ခြေနှစ်ချောင်းပတ်တက်နည်းတို့ဖြင့် မျှော်စင်ပေါ်သို့ တက်ရောက်ကြရာ ကျွမ်းကျင်မှုကြောင့် အလွယ်တကူ မျှော်စင်ထိပ်သို့ ရောက်သွားသည်။ ယင်းကြိုးတက်နည်းစနစ်များမှာ မြင့်မားသော အဆောက်အအုံတစ်ခုပေါ်သို့ မီးလောင်မှုဖြစ်ပွားနေစဉ် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် အသုံးပြုနိုင်ကြောင်း သိရသည်။

တစ်ဖန် ကြိုးဆင်းနည်းစနစ်များကိုလည်း ဆက်လက်ပြသရာ ရိုးရိုးကြိုးဖြင့် ဆင်းနည်း၊ လျှပ်တစ်ပြက်ကြိုးဖြင့် ခုန်ဆင်းနည်း၊ အပြေးကြိုးဖြင့် ခုန်ဆင်းနည်းတို့ကို အသုံးချလျက် လူနာများကို ကယ်တင်၍ မျှော်စင်အထက်မှဆင်းလာသည့် မြင်ကွင်းမှာလည်း ရင်သပ်ရှုမောဖွယ်ရာ ပြကွက်များဖြစ်သည်။ ရဲဝံ့စွန့်စား မီးသတ်သမားဆိုသည့် ဆောင်ပုဒ်နှင့်အညီ မီးသတ်တပ်ဖွဲ့ဝင် အမျိုးသားများသာမက မီးသတ်တပ်ဖွဲ့ဝင် အမျိုးသမီးများကပါ မျှော်စင်အမြင့်မှ ကျွမ်းကျင်စွာ ခုန်ဆင်းပြသနေသည့် မြင်ကွင်းကိုလည်း ဂုဏ်ယူဖွယ် တွေ့မြင်ရသည်။

လေ့ကျင့်မှုအားကောင်း

ထို့အပြင် ကြိုးကူးနည်းစနစ်ကို ပြသရာ မီးသတ်လေ့ကျင့်ရေး မျှော်စင်နှင့် အခြားတစ်နေရာကို အမြင့်တစ်နေရာတွင် ကြိုးဖြင့်သွယ်တန်းလျက် ကြိုးကူးနည်းစနစ်ကိုလည်း တွေ့ရသည်။ ယင်းကြိုးကူးစနစ်များတွင် ရှဉ့်ကူး၊ မျောက်ကူး၊ ပက်လက်ကူး စနစ်များ ပါဝင်ရာ တစ်မျိုးလျှင် မီးသတ်တပ်ဖွဲ့ဝင်နှစ်ဦးစီက လူနာနှင့်လည်းကောင်း၊ အလွတ်ကူးခြင်းဖြင့် လည်းကောင်း ကူးပြနေသည့် မြင်ကွင်းမှာလည်း မီးသတ်တပ်ဖွဲ့ဝင်များ၏ လေ့ကျင့်မှုအားကောင်းသည်ကို ဖော်ညွှန်းလျက်ရှိသည်။

ထို့နောက် အဆိုပါ မီးသတ်မျှော်စင်မြင့်မှ မီးသတ်တပ်ဖွဲ့ဝင်များသည် မြေပြင်ရှိ လေမွေ့ရာပေါ်သို့ ခုန်ဆင်းပြသနေသည့် ပြကွက်မှာလည်း မြင်ရသူများအဖို့ အသည်းယားစရာပင်ကောင်းသည်။ မီးသတ်တပ်ဖွဲ့ဝင်များ အထပ်မြင့်တွင် မီးဘေးအန္တရာယ်နှင့်ကြုံသည့်အခါ အရေးပေါ် မဖြစ်မနေ ခုန်ဆင်းနိုင်ရန် လေမွေ့ရာကို အသုံးချ၍ ခုန်ချခြင်းဖြစ်ကြောင်း သိရသည်။ ယင်းနောက် အဆိုပါဓာတ်ငွေ့အိုး မီးလောင်မှုကိုပင် မီးသတ်ဆေးဘူးသုံး၍ ပြသသည့် မြင်ကွင်းမှာလည်း မှတ်သားဖွယ်ရာ ပြကွက်တစ်ခုပင်ဖြစ်သည်။

ဗဟုသုတဖြစ်စေ

ဆက်လက်၍ အန္တရာယ်ရှိ ဓာတုပစ္စည်းများ မတော်တဆမှု ဖြစ်ပွားသည့်အခါ အကာအကွယ်ပစ္စည်းဖြစ်သည့် Hazamat Suit ကို ဝတ်ဆင်လျက် ရှင်းလင်းနေသည့် ပြကွက်မှာလည်း ဗဟုသုတဖြစ်စေပါသည်။

စိတ်ဝင်စားဖွယ်

ထို့နောက် Hydraulic Power Lifting Bag ဟု ခေါ်သော အသက်ကယ်ပစ္စည်းကို အသုံးချလျက် ဆီတင်ယာဉ်ပိနေသော သူများအား ကယ်ဆယ်ပုံမှာလည်း စိတ်ဝင်စားဖွယ် မြင်တွေ့ရသည်။

အသက်ကယ်ရေး

ခေတ်မီ အသက်ကယ်ပစ္စည်းများဖြင့် မီးငြိမ်းသတ်ရေးနှင့် အသက်ကယ်တင်ရေး လုပ်ငန်းများကို လေ့ကျင့်ဆောင်ရွက်စဉ်။

ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)

ပက်လက်ကူး နည်းစနစ်

အထပ်မြင့် အဆောက်အအုံတစ်ခုအတွင်း ဘေးအန္တရာယ်ကြုံတွေ့နေသည့် လူနှစ်ဦးကို ပက်လက်ကူး နည်းစနစ်ဖြင့် ကယ်တင်သည့် ပြကွက်ကို ဤသို့ တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)

ယင်းနောက် ဖြစ်လေ့ဖြစ်ထရှိသော ဆီဒယ်အိုး မီးထလောင်မှု၊ ဆီပန်းမီးလောင်မှုများဖြစ်သည့်အခါ အဝတ်သို့မဟုတ် ဂုန်နီအိတ်တို့ကို ရေဆွတ်လျက် ဖုံးအုပ်မီးငြိမ်းသတ်သည့်စနစ်မှာလည်း ဗဟုသုတအဖြစ် မှတ်သားရပါသည်။

ပြကွက်

ထိုမှတစ်ပါး ဓာတ်ငွေ့အိုး မီးလောင်မှု ဖြစ်ပွားစဉ် မီးငြိမ်းသတ်သည့်စနစ်ကိုလည်း မြင်တွေ့ရသည်။ ယင်းစနစ်မှာ ဓာတ်ငွေ့အိုးမှ မီးတောက် မီးလျှံများ တဟူးဟူးပန်းထွက်နေစဉ် မီးသတ်တပ်ဖွဲ့ဝင် အမျိုးသမီးတစ်ဦးက ကြောက်ရွံ့ထိတ်လန့်ခြင်းမရှိ မီးများ ပန်းထွက်နေရာအဝကို လက်ဝါးဖြင့် ရုတ်တရက် အုပ်ပြ

ထို့အပြင် ခေတ်မီအသက်ကယ်ပစ္စည်းများဖြစ်သည့် ဟိုက်ဒရောလစ်စနစ်သုံး စက်ပစ္စည်းအမျိုးမျိုးဖြင့် သရုပ်ပြသမှုမှာ မီးသတ်တပ်ဖွဲ့၏ ခေတ်မီ စက်ကိရိယာများ သုံးစွဲလာနိုင်မှုကိုလည်း သိရသည်။

နောက်ဆုံး အစီအစဉ်ဖြစ်သည့် မီးသတ်စက်ယာဉ်များ၏ စွမ်းဆောင်ရည်ပြသသည့် ပြကွက်အမျိုးမျိုးကိုလည်း ကြည့်ရှုခဲ့ရပါသည်။

သို့ဖြစ်၍ မီးသတ်တပ်ဖွဲ့ဝင်များ၏ အဆိုပါ သရုပ်ပြသမှုမြင်ကွင်းကို ကြည့်ခြင်းအားဖြင့် **မီးသတ်တပ်ဖွဲ့ဝင်များသည် ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးသယ်ပိုးဆောင်ရွက်လျက် ရှိရာတွင် ရဲဝံ့စွန့်စား မီးသတ်သမားများ ဖြစ်ကြောင်း** အထင်အရှားမြင်တွေ့နိုင်မည် ဖြစ်ပါသည်။ ။ **(မြန်မာ့အလင်း)**

အသွင်သဏ္ဌာန်နှင့် အနှစ်သာရ

အသွင်သဏ္ဌာန်အရ ခံ့ညားထည်ဝါသကဲ့သို့ အနှစ်သာရအားဖြင့်လည်း စိတ်ဓာတ်၊ စည်းကမ်းနှင့် စွမ်းရည်ကို တည်ဆောက်ပေးနိုင်ရမှာ ဖြစ်ကြောင်း။

နိုင်ငံတော်ကိုဖြစ်စေ၊ အဖွဲ့အစည်းကိုဖြစ်စေ၊ လူ့အရင်းအမြစ်ကိုဖြစ်စေ တည်ဆောက်ထူထောင်ရာ၌ အနှစ်သာရအပိုင်းအရရော၊ အသွင်သဏ္ဌာန်အပိုင်းအရပါ ဘက်စုံပြည့်စုံအောင် ပေါင်းစပ်ထူထောင်ကြရကြောင်း။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
(၁၄-၁၂-၂၀၀၆ရက်၊ ဗဟိုမီးသတ်သင်တန်းကျောင်းတွင် မိန့်ကြားခဲ့သော မိန့်ခွန်းကောက်နုတ်ချက်)

ကျိုက်ထိုမြို့နယ် တနောရေလှောင်တမံစီမံကိန်းလုပ်ငန်း ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ကြည့်ရှုစစ်ဆေး၊ လေလွင့်ဆုံးရှုံးမှုမရှိရေးမှာကြား

နေပြည်တော် မေ ၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည်လုပ်ငန်း၊ဌာနများမှညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့်အတူ ဧပြီ ၂၉ ရက် နံနက် ၉ နာရီခွဲက မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် စစ်တောင်းစက္ကူစက်ရုံအနီး၌ ဆည်မြောင်းဦးစီးဌာနက တည်ဆောက်နေသည့်တနောရေလှောင် တမံစီမံကိန်းသို့ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူး ဦးမြင့်သန်းက ပင်မတမံ တည်ဆောက်နေမှု၊ ရေပိုလွှဲ တည်ဆောက်ပြီးစီးမှု၊ ရေသွယ်မြောင်း တည်ဆောက်ပြီးစီးမှုနှင့် စိုက်ပျိုးရေပေးပြွန် တပ်ဆင်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ အမှတ်(၁) စက္ကူစက်(စစ်တောင်း) စက်ရုံမှူး ဦးပိုက်ထွေးက ဆောင်ရွက်ပေးလျက်ရှိသော လုပ်ငန်းပိုင်းများကိုရှင်းလင်းတင်ပြသည်။

မှာကြား

ယင်းနောက် ဝန်ကြီးက လုပ်ငန်းများ သေသပ်ခိုင်ခံ့စွာ သတ်မှတ်ချိန်ပြီးစီးအောင် ဆောင်ရွက်ရေး၊ လေလွင့်ဆုံးရှုံးမှုမရှိရေး မှာကြားပြီး လိုအပ်ချက်များ ကူညီပံ့ပိုးပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် တနောရေလှောင်တမံစီမံကိန်း၌ ပင်မတမံကို စက်ယန္တရားများဖြင့် တည်ဆောက်နေမှု၊ ရေပိုလွှဲလုပ်ငန်းပြီးစီးမှု နှင့်ရေသွယ်မြောင်းနှင့် တူးမြောင်းအဆောက်အအုံ တည်ဆောက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

အထောက်အကူပြုမည်

တနောရေလှောင်တမံ စီမံကိန်းသည်တနောချောင်းပေါ်၌ တည်ဆောက်ထားပြီး တမံအမြင့် ၈၆ ပေ၊ တမံအလျား ပေ ၂၅၈၀ ၊ ကုန်းကြောတမံနှစ်ခုမှာ ပေ ၈၀၀ရှိပြီး ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၁၆၈၀၀ ရှိသည်။ ရေပိုလွှဲသည် အကျယ်ပေ ၅၀၊ အလျား ၄၇၇ ပေရှိပြီး ရေသွယ်မြောင်းမှာ အလျားပေ ၅၆၀၀ ရှိသည်။ တနောရေလှောင်တမံ စီမံကိန်းပြီးစီးပါက စက္ကူ စက်ရုံသုံးရေတစ်နေ့ရေဂါလန် ၉ဒသမ ၅ သန်း လုံလောက်စွာ ရေပေးနိုင်မည့်အပြင် ဒေသ စိမ်းလန်းစိုပြည်ရေးကိုလည်း အထောက်ကူပြုမည်ဖြစ်ကြောင်း သိရှိရသည်။

စီးပွားရေးတွက်ခြေကိုက်

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ကျိုက်ထိုမြို့နယ်ရှိ အင်ဘိုဆီအုန်းခြံသို့ ရောက်ရှိရာ မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း၊ နှစ်ရှည်ပင်နှင့်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဌာနမှ ခြံမန်နေဂျာက ဆီအုန်းစိုက်ပျိုးမှု၊ ဆီသီးခိုင်ထုတ်လုပ်မှု၊ သီဟိုဠ်သရက် စိုက်ပျိုးထုတ်လုပ်မှုဒေသတွင်းရှိ ပုဂ္ဂလိက ခြံများကိုနည်းပညာပံ့ပိုးမှုကိုလည်းကောင်း၊ ဆီအုန်းဆီကြိမ်းထုတ်လုပ်သည့်စက်ရုံမှူးက ဆီထွက်ရာခိုင်နှုန်းတိုးမြှင့်ရန်၊ စက်ရုံရှိစက်စွမ်းအား မြှင့်တင်မှု၊ ဆီသီးခိုင်မှ ဆီကြိမ်းထုတ်လုပ်မှုတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက သတ်မှတ်ပေးထားသည့် ဆီကြိမ်းရရှိအောင် ထုတ်လုပ်ရေး၊ စီးပွားရေး တွက်ခြေကိုက်အောင် ဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက် ပုဂ္ဂလိကများအား ဖြန့်ဖြူးမည့် ဆီအုန်းပျိုးပင်များကို ကြည့်ရှုသည်။

ဖြည့်ဆည်းပေး

ဆက်လက်၍ ဆီအုန်းဆီကြိမ်းစက်ရုံသို့ သွားရောက်၍ ဆီသီးခိုင်များ၊ ပေါင်းအိုးဖြင့် ပေါင်းမှုလုပ်ငန်း၊ အစေ့အမျှင်ခွဲစက်၊ ဆီညှစ်ဖတ်သယ်ပို့စက်၊ ဆီသန့်စင်စက်တို့ လည်ပတ်နေမှုကို ကြည့်ရှုကာ လျာထားချက်အတိုင်း ထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်ရေးမှာကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးခဲ့သည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် သထုံမြို့နယ် မရမ်းကုန်းကျေးရွာ စိုက်ပျိုးရေး စခန်း၌ မွန်ပြည်နယ် သထုံခရိုင်နှင့်မြို့နယ်တို့မှ စိုက်ပျိုးရေးညှိနှိုင်းမှု ကော်မတီဝင်များနှင့် တွေ့ဆုံရာ မြို့နယ်အဆင့် တာဝန်ခံများက ဒေသလိုက် စိုက်ပျိုးထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တိကျမှန်ကန်

ယင်းနောက် ဝန်ကြီးက ပြည်နယ်၊ ခရိုင်နှင့်မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များအား စိုက်ပျိုးမှု တိုးတက်မြင့်မားရေး၊ သီးနှံ ၁၀ မျိုးပန်းတိုင်အထွက်နှုန်း ကျော်လွန်ရရှိအောင် ကြိုးပမ်း ဆောင်ရွက်ရေး၊ တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ပြီး အကျိုးကျေးဇူးဖြစ်ထွန်းရန် ပံ့ပိုးကူညီဆောင်ရွက်ရေး၊ ဒေသနှင့် ကိုက်ညီပြီး အထွက်နှုန်းကောင်းသည့် သီးနှံမျိုးကောင်းမျိုးသန့်များ လဲလှယ်ပေးရေး၊ ကိန်းဂဏန်းစာရင်းဇယားတိကျမှန်ကန်ရေးမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆိတ်နှင့်သိုးသားပေါက်များ ကြီးထွားမှုနှင့် ရောဂါဖြစ်ပွားမှု မရှိအောင် အထူးဂရုစိုက်

နေပြည်တော် မေ ၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် မွေးမြူရေးနှင့် ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ရွှေနှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၁ ရက်က မန္တလေးတိုင်း တပ်ကုန်းမြို့နယ်ကံကြီးကျေးရွာ မွေးမြူရေးဇုန်(၁)ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ နို့စားနွားမွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက်ဝန်ကြီးသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဆိတ်မွေးမြူရေးခြံကို လည်းကောင်း၊ သိုးပေါက်မွေးမြူရေးခြံကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆိတ်နှင့်သိုးသားပေါက်များ၏ ကြီးထွားမှုအခြေအနေနှင့် ရောဂါဖြစ်ပွားမှုမရှိအောင် အထူးဂရုစိုက်ရန် မှာကြားကာ သိုးများလွှတ်ကျောင်းပုံကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် ဝန်ကြီးသည် တပ်ကုန်းမြို့နယ် ရွှေမြို့ကျေးရွာ မွေးမြူရေးဇုန်(၂)ရှိ မွေးမြူရေး လုပ်ငန်းရှင် ဦးမောင်မောင်လွင်၏ ယူနီစံနို့စားနွား မွေးမြူရေးခြံနှင့်တည်ဆောက်ဆဲ နို့ချက်စက်ရုံ တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အကျဉ်းဦးစီးဌာန အရာရှိရက်တိုသင်တန်းဖွင့် ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မေ ၃

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန ကျွမ်းကျင်မှုဆိုင်ရာ အတတ်သင်ကျောင်း၏ အရာရှိရက်တိုသင်တန်း အမှတ်စဉ်(၁/၂၀၀၇) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၁ နာရီက ရန်ကုန်မြို့ အင်းစိန်မြို့နယ် အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး သင်တန်းခန်းမ၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထဲရေး ဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ကျွမ်းကျင်မှုဆိုင်ရာအတတ်သင်ကျောင်းကျောင်းအုပ်ကြီး၊ သင်တန်းနည်းပြနှင့် သင်တန်းသား အရာရှိများ တက်ရောက်ကြသည်။

ပြောကြား

ရှေးဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇) ရပ် အောင်မြင်စေရန်အတွက် ကျရာအခန်းကဏ္ဍမှ ကျေပွန်စွာ ထမ်းဆောင်စေရေး၊ ပြည်ထဲရေး ဝန်ကြီးဌာန၏ လမ်းညွှန်ဆောင်ပုဒ်ဖြစ်သည့် ကိုလိုနီစရိုက်ကိုဖျောက် နိုင်ငံတော်နှင့်ပြည်သူ့အကျိုးကို စောင့်ရှောက်ဆို သည့်အတိုင်း ပြုပြင်ပြောင်းလဲမှုများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး၊ ပြည်ပသြဇာခံ ပြည်တွင်းအဖျက်သမားပုဆိန်ရိုးများ၏ အန္တရာယ်ကို တိုက်ဖျက်ရေး၊ ချေမှုန်းသွားရေးတို့ကို ပြောကြားသွားသည်။

တက်ရောက်

အဆိုပါ သင်တန်းသို့ သင်တန်းသား အရာရှိ ၅၇ ဦး တက်ရောက်ပြီး သင်တန်းကာလမှာရက်သတ္တလေးပတ်ကြာမြင့်မည် ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာဇာတ်ကားသစ် ရုံမဝင် ကက်ကင်းဇာတ်ကား ဆက်လက်အောင်ပွဲခံ

ရန်ကုန် မေ ၃

ယခုသောကြာပတ်တွင် မြန်မာဇာတ်ကားများ ရုံဝင်လာခြင်းမရှိဘဲ **ကက်ကင်း**ဇာတ်ကား ဆက်လက်

ကက်ကင်း ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

အောင်ပွဲခံပြသလျက်ရှိသည်။ ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်) ရိုက်ကူးပြီး ရန်အောင်၊ ရဲအောင်၊ ကျော်ရဲအောင်၊ ဒွေး၊ မေသဥ္စာဦးနှင့် နန္ဒာလှိုင်တို့ပါဝင်သော **ကက်ကင်း** ဇာတ်ကား သမ္မတ၊ သွင်၊ မင်္ဂလာအဆင့်မြင့်ရုံများတွင် ဆက်လက်အောင်ပွဲခံ ပြသလျက်ရှိသည်။ ရှေ့ဆောင်ရုံတွင် တရုတ်မင်းသမီးချောဂေါင်းလီ ပါဝင်သရုပ်ဆောင်ထားသော Curse of the Golden Flower ဇာတ်ကားပြသနေသည်။ နေပြည်တော် အဆင့်မြင့်ရုံ

ရုပ်ရှင် သတင်းထောက်

တွင် ဒါရိုက်တာ Zack Snyder ရိုက်ကူးပြီး Gerard Butler, Lena Headey တို့ပါဝင် သရုပ်ဆောင်ထားသော 300ဇာတ်ကား ရုံဝင်လာသည်။

ရွှေဂုန်ရုံ (မြေညီထပ်)တွင် Qahar အိန္ဒိယရုပ်ရှင်ဇာတ်ကားပြသနေပြီး အပေါ်ထပ်တွင် Mission in Action ဇာတ်ကား ပြသနေသည်။ တန်းမြင့် မြို့မရုံတွင် Qayamat ဇာတ်ကား ပြသနေသည်။ မြို့နယ်ဆုထူးပန်ရုံတွင် Hum Dil De Chuke Sanam ဇာတ်ကားရုံဝင်လာသည်။ ဘုရင်ရုံတွင် Army ဇာတ်ကား ပြသနေသည်။

အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကား **ဆတ်သေချောင်းဒဏ္ဍာရီ** ဇာတ်ကား ရွှေဗဟိုရ်၊ ဘုရင့်နောင်၊ ဧရာဝတီရုံများတွင် ဆက်လက်ပြသနေသည်။ ရွှေမန်း၊ သီတာ၊ စံပြရုံများတွင် **စုန်းနက္ခတ်** အဆင့်မြင့်မြန်မာဗီဒီယိုဇာတ်ကား ပြသနေသည်။ ။

ဆတ်သေချောင်း ဒဏ္ဍာရီ ဇာတ်ကားမှ လူမင်းနှင့် နဝရတ်။

● **ကျောဖုံးမှ**

ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။

သဘာပတိအဖြစ် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့် ဆောင်ရွက်စဉ်။ (သတင်းစဉ်)

ထို့နောက် အသင်းအတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာက အသင်း၏ ၂၀၀၆ ခုနှစ် လုပ်ငန်းအစီရင်ခံစာကို လည်းကောင်း၊ အကျိုးဆောင်စာရင်းစစ် ဒေါ်သင်းသင်းက ၂၀၀၆-၂၀၀၇ ခု ဘဏ္ဍာရေးနှစ်၏ စာရင်းစစ် အစီရင်ခံစာကိုလည်းကောင်း၊ ဘဏ္ဍာရေးမှူး ဒေါ်ခင်သန်းဝင်းက ၂၀၀၆-၂၀၀၇ ခု ဘဏ္ဍာရေးနှစ် ငွေစာရင်းရှင်းတမ်းနှင့် ၂၀၀၇-၂၀၀၈ ရသုံးမှန်းခြေစာရင်းတို့ကိုလည်းကောင်း ဖတ်ကြားတင်သွင်းကြပြီး နှစ်ပတ်လည်အစည်းအဝေး၏ အတည်ပြုချက်ကို ရယူသည်။

ဖတ်ကြားတင်ပြ

ယင်းနောက်ပြည်နယ်နှင့်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များ၏ ၂၀၀၆ ခုနှစ် နှစ်ချုပ်အစီရင်ခံစာများကို ဖတ်ကြားတင်ပြကြရာ ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို တွဲဖက် အတွင်းရေးမှူး ဒေါက်တာဒေါ်မြင့်မြင့်သန်းက လည်းကောင်း၊ ကယားပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါ်လှမေက လည်းကောင်း၊ ကရင်ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်သီသီဝင်းကလည်းကောင်း၊ ချင်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို တွဲဖက် အတွင်းရေးမှူး ဒေါ်မေရီကလည်းကောင်း၊ စစ်ကိုင်းတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဇာခြည်ဝင်းကလည်းကောင်း ဖတ်ကြားတင်ပြကြသည်။

သဘာပတိအဖြစ် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေး ဆောင်ရွက်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာ ဒေါ် ဝေ ဝေ သာ ၂၀၀၆ ခုနှစ် လုပ်ငန်းအစီရင်ခံစာကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ ၂၀၀၆ ခုနှစ် နှစ်ချုပ် အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဇင်မာဦး ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ကရင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ လေ့လာချက်စာတမ်းကို အတွင်းရေးမှူး ဒေါက်တာဌေးနောင် ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ဖြည့်စွက်ဆွေးနွေး

တင်ပြချက်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး နံနက်ပိုင်းအစည်းအဝေး အစီအစဉ်များကို ခေတ္တရပ်နားသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် နှစ်ပတ်လည်အစည်းအဝေးကို ပြန်လည်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာက ဆောင်ရွက်သည်။

အစီအစဉ်အရ တနင်္သာရီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူးဒေါက်တာ ဒေါ်သန္တာမျိုးဝင်းက လည်းကောင်း၊ ပဲခူးတိုင်း(အရှေ့ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်တင်တင်ဝင်းက လည်းကောင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း)မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါ်ဥမ္မာက လည်းကောင်း၊ မကွေးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို တွဲဖက် အတွင်းရေးမှူး ဒေါ်တင်တင်ထွေးက လည်းကောင်း၊ မွန်ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့၏နှစ်ချုပ်အစီရင်ခံစာကို တွဲဖက် အတွင်းရေးမှူး ဒေါက်တာဒေါ်မြင့်မြင့်နွယ်ကလည်းကောင်း၊ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်ခင်မေသစ်ကလည်းကောင်း ဖတ်ကြားတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ သဘာပတိက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး နှစ်ပတ်လည် အစည်းအဝေးကို ခေတ္တရပ်နားသည်။

ယင်းနောက် နှစ်ပတ်လည်အစည်းအဝေးကို ပြန်လည်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးက ဆောင်ရွက်သည်။

သဘာပတိအဖြစ် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာ ဒေါ် ဝေ ဝေ သာ ဆောင်ရွက်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘဏ္ဍာရေးမှူး ဒေါ်ခင်သန်းဝင်း ၂၀၀၆-၂၀၀၇ ခု ဘဏ္ဍာရေးနှစ် ငွေစာရင်းရှင်းတမ်းနှင့် ၂၀၀၇-၂၀၀၈ ရသုံးမှန်းခြေစာရင်းကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ ၂၀၀၆ ခုနှစ် နှစ်ချုပ်အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်ဇာခြည်ဝင်း ဖတ်ကြားတင်ပြစဉ်။(သတင်းစဉ်)

ရခိုင်ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ ၂၀၀၆ ခုနှစ် နှစ်ချုပ် အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်စန်းစန်းကြည် ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်း (အနောက်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ ၂၀၀၆ ခုနှစ် နှစ်ချုပ် အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါ်ဥမ္မာ ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ကယားပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ ၂၀၀၆ ခုနှစ် နှစ်ချုပ် အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါ်လှမေ ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

အစီအစဉ်အရ ရခိုင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်စန်းစန်းကြည်က လည်းကောင်း၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်နွယ်နီအုန်းက လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို ဥက္ကဋ္ဌ ဒေါ်သင်းမျိုးမျိုးအောင်ကလည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာ နန်းကိန်ဖောင်းတစ် ကလည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကိုတွဲဖက်အတွင်းရေးမှူးဒေါက်တာ ဒေါ်ဇင်မာဦးကလည်းကောင်း၊ ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ နှစ်ချုပ် အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်စောသန္တာမြင့်က လည်းကောင်း အသီးသီးဖတ်ကြားတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ သဘာပတိက ဖြည့်စွက်ဆွေးနွေးသည်။ ထို့နောက် ပြည်နယ်နှင့်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့များ၏ လေ့လာချက်စာတမ်းများကို ဖတ်ကြားတင်သွင်းခြင်း အစီအစဉ်ကိုကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်က ဆောင်ရွက်သည်။

စာတမ်းများဖတ်ကြား

အစီအစဉ်အရ ကချင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ **'မိခင်များ၏ သွေးလွန်တုပ်ကွေးရောဂါအကြောင်း သိရှိနားလည်မှု ဆန်းစစ်လေ့လာခြင်း'** စာတမ်းကို အတွင်းရေးမှူး ဒေါက်တာခင်မောင်ဝင်းကလည်းကောင်း၊ ကယားပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ **'၃ နှစ်အောက် ကလေးငယ်များအား အစာကျွေးမွေးပြုစုခြင်း'** စာတမ်းကို အတွင်းရေးမှူး ဒေါက်တာထွန်းလွင်က လည်းကောင်း၊ ကရင်ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့၏ **'သွေးသန့်လှူဒါန်းခြင်းဖြင့် အသက်ကယ်ပါ'** စာတမ်းကို အတွင်းရေးမှူး ဒေါက်တာဌေးနောင်က လည်းကောင်း အသီးသီး ဖတ်ကြားတင်ပြကြပြီး နှစ်ပတ်လည်အစည်းအဝေး ပထမနေ့ အစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

အဆိုပါ နှစ်ပတ်လည်အစည်းအဝေးကို မေ ၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။**(သတင်းစဉ်)**

လုပ်ငန်းစွမ်းဆောင်မှုအကောင်းဆုံးနှင့် ထူးချွန်သူများအား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ဂုဏ်ပြုဆုချီးမြှင့်

ရန်ကုန် မေ ၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်၏ ၂၀၀၆ ခုနှစ် မိုးချေးငွေလုပ်ငန်းစွမ်းဆောင်မှုအကောင်းဆုံး မြို့နယ်များ၊ အမြတ်အများဆုံး ရှာဖွေပေးနိုင်သော ပြည်နယ်နှင့်တိုင်းများ၊ ထူးချွန်သူများ၊ လက်တွန်းထွန်စက် ဖွံ့ဖြိုးရေးချေးငွေအများဆုံး ထုတ်ချေးပေးနိုင်သော ပြည်နယ်၊ တိုင်းနှင့် မြို့နယ်များအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး **(အောက်ပုံ)** ၂၀၀၆-၂၀၀၇ ခု ဘဏ္ဍာရေးနှစ်အတွင်း အသားတင်အမြတ်ငွေ ကျပ်သန်း ၄၀၀ ကျော်ရရှိခဲ့ပြီး နိုင်ငံတော်သို့ ငွေကျပ်သန်း ၃၀၀ ကျော် ထည့်ဝင်နိုင်အောင် ဆောင်ရွက်နိုင်သော ပြည်နယ်၊တိုင်းနှင့် မြို့နယ် ဘဏ်ခွဲများအား ဆုများကို ချီးမြှင့်ပေးသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ မိခင် / ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေး တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း တက်ရောက်ချီးမြှင့်

ရန်ကုန် မေ ၃

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၁၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ နာယကများ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ ဗဟိုကောင်စီဝင်များ၊ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မိတ်ဖက်အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ကြည့်ရှု

ဖွင့်ပွဲအခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက အဖွင့်အမှာစကား ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ပြသထားသော မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ပြည်နယ်၊ တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

မှတ်တမ်းဓာတ်ပုံ

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် ဧည့်သည်တော်များ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ပြည်နယ်၊ တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့၏ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြစဉ်။

(သတင်းစဉ်)

ရန်ကုန်မြို့ အမှတ် (၈၉) ၈လမ်း လမ်းမတော် မြို့နယ်နှင့် အမှတ် ၅၅ (အေ) သုနန္ဒာ ၄ လမ်း သုမင်္ဂလာ အိမ်ရာ သင်္ဃန်းကျွန်းမြို့နယ်နေ ကျေးဇူးရှင် မိဘနှစ် ပါး ဖြစ်သော ဦးခင်လှိုင် (M.I.C ရှေ့တော စက်)- ဒေါ်ခင်မြင့်တို့၏နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာနှင့် ကျေးဇူးရှင်ဖခင်ကြီးဦးခင်လှိုင်၏ (၇၅)နှစ်မြောက် စိန်ရတုမွေးနေ့အထိမ်းအမှတ်အဖြစ် သား၊ သမီး၊ မြေးများက ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် သီလရှင်သင် ပညာရေးကျောင်း ၁၃ကျောင်းတို့အား တစ်နေရာလျှင် ငွေကျပ်တစ်သိန်း ရှစ်ရာစီဖြင့် လှူဒါန်းခဲ့ရာ ဦးမျိုးကြည်၊ ဒေါ်မီမီလှိုင်၊ မအိနန္ဒာခိုင်၊ မောင်ဉာဏ်မျိုးလှိုင်မိသားစုက ငွေများလှူဒါန်းစဉ်။

(မြန်မာ့အလင်း)

(၆၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုကြိုဆို စုပေါင်းသန့်ရှင်းရေးဆောင်ရွက်၊ သွေးလှူဒါန်း

ရန်ကုန် မေ ၃

မေ ၅ ရက်တွင်ကျရောက်သော (၆၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ဌာနချုပ် မှ တပ်ဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ သန္နေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက ဒဂုံမြို့နယ် အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင်(၅၀၀)နှင့် မြောက်ဥက္ကလာပမြို့နယ် အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးတို့၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြပြီး သွေးလှူဒါန်းကြသည်။

သန့်ရှင်းရေးဆောင်ရွက်

ရှေးဦးစွာ ဒဂုံမြို့နယ် အမှတ်(၂) တပ်မတော်ဆေးရုံခုတင်(၅၀၀)၌ သန့်ရှင်းရေးဆောင်ရွက်မှုနှင့် သွေးလှူဒါန်းပွဲကို နံနက် ၆ နာရီခွဲတွင် ကျင်းပရာ မီးသတ်တပ်ဖွဲ့ဝင်၂၈၂ဦးတို့က ဆေးရုံဝင်းအတွင်း စုပေါင်း သန့်ရှင်းရေး ဆောင်ရွက်ကြသည်။

ရှင်းလင်း

ထို့နောက် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းက သွေးလှူဒါန်းရခြင်းနှင့် စုပေါင်း သန့်ရှင်းရေး ဆောင်ရွက်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ရောဂါဗေဒဌာနမှ ရောဂါဗေဒပါရဂူ ဒုတိယဗိုလ်မှူးကြီးစန္ဒာဆွေက သွေးနှင့်ပတ်သက်သည့် သိသင့် သိထိုက်သည်များကို ရှင်းလင်းပြောကြားသည်။

လိုက်လံကြည့်ရှု

ယင်းနောက် မီးသတ်တပ်ဖွဲ့ဝင် ၅၄ ဦးတို့က သွေးလှူဒါန်းကြပြီး အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင် (၅၀၀) တပ်မှူးကိုယ်စား ဒုတိယဗိုလ်မှူးကြီး စန္ဒာဆွေက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းက လက်ခံယူကာ ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ မြောက်ဥက္ကလာပမြို့နယ် အထွေထွေရောဂါကုနှင့် သင်ကြားရေး ဆေးရုံကြီး၌ မီးသတ်တပ်ဖွဲ့ဝင် ၆၀၀ တို့က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြပြီး မီးသတ်တပ်ဖွဲ့ဝင်၇၅ဦးတို့ကသွေးလှူဒါန်းကြရာ **(ဓာတ်ပုံ)** မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းနှင့်ဆေးရုံအုပ်ကြီးဒေါက်တာမြသောင်းတို့ကလိုက်လံကြည့်ရှုအားပေးကြသည်။

လဲလှယ်

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းနှင့်ဆေးရုံအုပ်ကြီးဒေါက်တာမြသောင်းတို့က သွေးလှူဒါန်းပွဲအထိမ်းအမှတ် အလံငယ်များ အပြန်အလှန် လဲလှယ်ကြသည်။

(သတင်းစဉ်)

မုန်တိုင်းငယ်ကြောင့် ရာဝတီတိုင်း၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ မိုးသက်လေပြင်း ကျရောက်နိုင်

နေပြည်တော် မေ ၃

ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် ယနေ့မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ ပုသိမ်မြို့၏အနောက်တောင်ဘက် မိုင် ၁၂၀ခန့်အကွာ ပင်လယ်ပြင်ကို ဆက်လက်ဗဟိုပြုနေသည်။ အဆိုပါမုန်တိုင်းငယ်သည် သိသိသာသာ အားကောင်းလာခြင်းမရှိဘဲ မြောက်-အနောက်မြောက်ဆီသို့ ဖြည်းညင်းစွာ ရွေ့လျားနေသည်။

အဆိုပါမုန်တိုင်းငယ်၏အရှိန်ကြောင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်တောင်ပိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးရွာသွန်းနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ မွန်၊ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခေတ္တခဏမျှ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ခန့် တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာသည်။ (သတင်းစဉ်)

မိုးလေဝသအခြေအနေ

၄-၅-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နိုင်ငံသားစိစစ်ရေးကတ်ပြား ပြည်သူများသို့ပေးအပ်

ရန်ကုန် မေ ၃

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို မေ ၁ရက် ညနေပိုင်းက ဗဟန်းမြို့နယ် ဆရာစံတောင်(စံပြ) ရပ်ကွက်အထက (၃) ဗဟန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူး ဦးတင်မောင်ဦးက ပြည်သူများသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာ ထုတ်ပေးမည့် အစီအစဉ်များကိုရှင်းလင်းပြောကြားပြီး စိစစ်ပြီးဖြစ်သည့်ဆရာစံတောင်(စံပြ)ရပ်ကွက်မှ နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၅ ခုကို ခရိုင်ဦးစီးမှူး ဦးတင်မောင်ဦးကလည်းကောင်း၊ ကျိုက္ကဆံရပ်ကွက်မှ ၇၉ခုကို မြို့နယ်ဦးစီးမှူး ဦးဘိုကျော်က လည်းကောင်း၊ ဗိုလ်စိန်မှန်ရပ်ကွက်မှ ၄၅ခုကို မြို့နယ်ဥက္ကဋ္ဌဦးအောင်မွန်လတ်က လည်းကောင်း ပြည်သူများသို့ ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

အခမ်းအနားအပြီးတွင် ခရိုင်ဦးစီးဌာနမှူးနှင့် အဖွဲ့ဝင်များသည် ဗဟန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးဦးဘိုကျော်နှင့် ဝန်ထမ်းများက ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးအဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ပြည်သူများသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်နေမှုကို ကြည့်ရှုသည်။ **(က-ပ)**

ပေးအပ်

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကျင်းပစဉ်။ (က-ပ)

NLD ၏ လုပ်ဆောင်ချက်များသည် နိုင်ငံတော်နှင့်ပြည်သူတို့၏အကျိုး မည်သို့မျှအထောက်အကူမပြု၊ ပြည်ပနိုင်ငံကြီးများနှင့် ပူးပေါင်းကာ စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်မှုကြောင့် ပြည်သူများ ထိခိုက်နစ်နာ တွံတေးမြို့နယ်မှ ပါတီဝင်ခြောက်ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် မေ ၃

ရန်ကုန်တိုင်း တွံတေးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ခရမ်းဝကျေးရွာအုပ်စု ကင်းရွာကျေးရွာမှ ဦးဇော်ထွန်း၊ ဦးဝင်းထိုက်၊ ဦးသိန်းလွင်၊ ဦးကံရွှေ၊ ဦးဝင်းနွယ်နှင့် ဦးမြလွင်တို့ ခြောက်ဦးသည် မတ် ၃၁ ရက်က ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်လွှာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

နုတ်ထွက်

ရန်ကုန်တိုင်း တွံတေးမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီ၏ လုပ်ဆောင်ချက်များသည် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးကို မည်သို့မျှ အထောက်အကူ မပြုကြောင်း၊ ပြည်ပနိုင်ငံကြီးများနှင့်ပူးပေါင်းကာ စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်မှုကြောင့် ပြည်သူများမှာ များစွာထိခိုက်နစ်နာရသည့်အတွက် မိမိတို့အနေဖြင့် များစွာစိတ်ပျက်မိကြောင်း၊ လက်ရှိတပ်မတော်အစိုးရ၏ ဆောင်ရွက်ချက်များသည် အမျိုးသားအကျိုးစီးပွားအတွက် လက်တွေ့အမှန်တကယ် ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပြီး ဒေသအကျိုး၊ ပြည်သူ့အကျိုးရှိအောင် ပူးပေါင်းဆောင်ရွက်လိုသဖြင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

မြို့ရွာတစ်ခွင် သာချေချင် မီးတွင် မပေါ့နှင့်

အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀ ကျော် ဧပြီလအတွင်း သေဆုံးခဲ့ အီရတ်ကိုကျူးကျော်ပြီး ၄ နှစ်ကျော်အတွင်း အများဆုံးလဖြစ်

ဝါရှင်တန် မေ ၃

အမေရိကန် သမ္မတ ဂျော့ချ်ဒဗလျူဘုရှ်နှင့် ထိပ်တန်း ဒီမိုကရက်အမတ်များသည် အီရတ်စစ်ပွဲနှင့် ပတ်သက်၍ အခြေခံသဘောတူညီမှုရရှိရန်ကြိုးစားသွားမည်ဟု သန္နိဋ္ဌာန်ချထားကြသော်လည်း အီရတ်ရှိ အမေရိကန် တပ်ဖွဲ့ဝင်များအတွက် ငွေကြေးထောက်ပံ့ပေးမှုမှာ ရှေ့မတိုးနောက်မဆုတ်သာဖြစ်ပြီး အခက်အခဲနှင့် ကြုံနေရသည်ဟု မေ ၃ရက်က အင်တာနက်တွင် သတင်းဖော်ပြသည်။

အီရတ်မှ အမေရိကန်တပ်များ ရုပ်သိမ်းရေးအတွက် အချိန်ဇယား နှင့် စပ်လျဉ်း၍သမ္မတဘုရှ်ကပယ်ချခဲ့ပြီးနောက် မစ္စတာဘုရှ်နှင့် ဒီမိုကရေစီ ခေါင်းဆောင်များသည် အိမ်ဖြူတော်၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဝေဖန်မှု

နိုင်ငံရေးသမား အများစုက အီရတ်မှ အမေရိကန် တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးအတွက် ဝေဖန်မှုများ တိုးပွားလာလျက်ရှိသည်။

မအောင်မြင်

ဒီမိုကရက်နှင့် ရီပတ်ဘလီကင် ပါတီနှစ်ရပ်စလုံးက မေလကုန်တွင် စစ်ရန်ပုံငွေ ထောက်ပံ့ပေးရန် သဘောတူညီထားကြသော်လည်း လက်တွေ့တွင်မူ စေ့စပ်ဆွေးနွေးမှုများမှာ မအောင်မြင်ဖြစ်နေသည်။

အီရတ်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့ဝင်များ လျှော့ချသွားရန် ကြိုးစားနေချိန်တွင် တစ်ဖက်၌ အကြမ်းဖက်တိုက်ခိုက်မှုများ တစ်နေ့ထက်တစ်နေ့ ပိုများလာသည်ဟုဆိုသည်။

အသေအပျောက်များ

အမေရိကန် တပ်ဖွဲ့ဝင်များအား အီရတ်တိုက်ခိုက်ရေး သမားများက အရှိန်မြှင့်တိုက်ခိုက်လာသဖြင့် ဧပြီလအတွင်းက တပ်ဖွဲ့ဝင် ၁၀၀ ကျော် သေဆုံးခဲ့သည်။ ယင်းမှာ ၂၀၀၃ ခုနှစ် မတ်လက အမေရိကန်တို့ အီရတ်ကို ကျူးကျော် တိုက်ခိုက်ခဲ့ပြီး နောက် အသေအပျောက်အများဆုံးလ ဖြစ်ကြောင်း သိရသည်။

သေဆုံးခဲ့

မေ၁ရက်က အီရတ်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး တိုက်ခိုက်ခံရပြီး သေဆုံးခဲ့သည်။ ယခုအခါ အီရတ်ကို အမေရိကန်တို့ ကျူးကျော်ပြီးနောက် အီရတ်၌သေဆုံးသော အမေရိကန် တပ်ဖွဲ့ဝင် အရေအတွက်မှာ ၃၃၅၀ ရှိသွားပြီဖြစ်ကြောင်း ပင်တဂွန်မှစာရင်းဇယားများအရသိရသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ ပေကျင်းမြို့၌ စီဒီနှင့် ဒီဗွီဒီတရားမဝင် ကူးယူခွေများ ဖျက်ဆီးပစ်ရန် စုပုံထားသည်ကို မေ ၁ရက်ကတွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)



ဇင်ဘီယာ၌ သကြားထုတ်လုပ်မှု လျော့ကျ

လူဆာကာ မေ ၃

ယခုနှစ် မတ် ၃၁ ရက် ဘဏ္ဍာရေးနှစ်ကုန်တွင် ဇမ်ဘီယာနိုင်ငံပိုင် ဇမ်ဘီယာရှူးဂါးသကြား ထုတ်လုပ်ရေးလုပ်ငန်းအနေဖြင့် သကြားထုတ်လုပ်မှု အနည်းငယ် ကျဆင်းခဲ့ကြောင်း နိုင်ငံပိုင်သတင်းနှင့် ပြန်ကြားရေးဌာနက မေ ၁ ရက်၌ ထုတ်ပြန်ကြေညာသည်။

ထုတ်လုပ်

၂၀၀၆ ခုနှစ်တွင် သကြားထုတ်လုပ်မှုတန်ချိန် ၂၄၇၃၇၂ တန်ထွက်ရှိခဲ့ပြီး ၂၀၀၇ခုနှစ်တွင် တန်ချိန် ၂၄၄၈၅၀ သာ ထုတ်လုပ်နိုင်ခဲ့ရာ ကုန်ထုတ်လုပ်မှု တစ်ရာခိုင်နှုန်း ၂၅၂၂ တန်ချိန်ခန့် လျော့ကျခဲ့ကြောင်း အဆိုပါလုပ်ငန်း၏ စာရင်းဇယားများ၌ ဖော်ပြသည်။

သကြားထုတ်လုပ် ရောင်းချမှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၈၉ သန်းခန့် ရရှိကြောင်း အဆိုပါ ကြေညာချက်၌ ပါရှိသည်။

ပြောကြား

၂၀၀၉ ခုနှစ်တွင် သကြားထုတ်လုပ်မှုတန်ချိန်ပေါင်း ၂၀၀၀၀၀ ရရှိနိုင်ရန် စီမံကိန်းချမှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း ဇမ်ဘီယာရှူးဂါးလုပ်ငန်းအတွင်းရေးမှူး စီဗျူက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဒူဘိုင်းအခြေစိုက် အိမ်ရာမြေလုပ်ငန်း အင်ဒိုနီးရှား၌ ဒေါ်လာသန်း ၆၀၀ ကျော်တန် အပန်းဖြေစခန်း တည်ဆောက်မည်

ဂျကာတာ မေ ၃

ဒူဘိုင်းအခြေစိုက် ကမ္ဘာ့အကြီးမားဆုံး အိမ်ရာမြေလုပ်ငန်းဖြစ်သည့် အီမာရာက အင်ဒိုနီးရှားနိုင်ငံ အနောက်နူဆာတန်ဂါရာပြည်နယ် အရှေ့ပိုင်း လွန်ဘွတ်ခ်ကျွန်းပေါ်တွင် အမေရိကန်ဒေါ်လာ သန်း ၆၀၀ ကျော် ရင်းနှီးမြှုပ်နှံမည့် အပန်းဖြေစခန်းတစ်ခု တည်ဆောက်သွားမည်ဖြစ်ကြောင်း အဆိုပါလုပ်ငန်းဥက္ကဋ္ဌ မိုဟာမက်အလာဘာက ဧပြီ ၃၀ ရက်၌ ပြောကြားသည်။

အဆိုပါ အီမာရာလုပ်ငန်းသည် လောလောဆယ်တွင် အိမ်ရာမြေ ဈေးကွက်၌အမေရိကန်ဒေါ်လာ ၂၅ဘီလီယံ ရင်းနှီးမြှုပ်နှံမည်ဖြစ်ရာ ၎င်းငွေကြေးမှာ အင်ဒိုနီးရှားနိုင်ငံရှိ အက်ဆက်စီမံခန့်ခွဲမှုကုမ္ပဏီ (ပီပီအေ)နှင့် ပူးတွဲကာ အင်ဒိုနီးရှားနိုင်ငံ၏ အိမ်ရာမြေဈေးကွက်၌ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ရန် သဘောတူညီမှုစာချုပ် ချုပ်ဆိုထားသည်။

တည်ဆောက်နေ

အင်ဒိုနီးရှားနိုင်ငံတွင် တည်ဆောက်မည့် အပန်းဖြေစခန်းကို လာမည့်နှစ်မှ စတင်ကာ တည်ဆောက်မည်ဖြစ်သော်လည်း အဆိုပါအရပ်၌ နိုင်ငံတကာလေဆိပ်တစ်ခုကိုမူ စတင် တည်ဆောက်နေပြီ ဖြစ်သည်။

ရွေးချယ်ခဲ့

တည်ဆောက်ရေး စီမံကိန်းအားလုံးမှာ ၂၀၀၉ ခုနှစ်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ အီမာရာလုပ်ငန်းအနေဖြင့် နိုင်ငံပေါင်း ၃၃ နိုင်ငံသို့ လက်တွေ့ကွင်းဆင်း လေ့လာခဲ့ပြီးမှ လွန်ဘွတ်ခ်ကျွန်းကို ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွန်ဘွတ်ခ်ကျွန်းသည် ဘာလီ အပန်းဖြေစခန်းအနီးတွင်ရှိခြင်း၊ တည်ဆောက်ရေးလုပ်ငန်းအတွက် အနေအထား ကောင်းမွန်ခြင်းနှင့် ကမ္ဘာလှည့်ခရီးသွားများ သွားလာရာတွင် အဆင်ပြေပြီး ဆွဲဆောင်အားကောင်းခြင်းတို့ဖြင့် ပြည့်စုံကြောင်း မိုဟာမက်အလာဘာက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကြိုးတန်းပေါ် ဆိုင်ကယ်စီးပြသူ

ကြိုးတန်းပေါ်တွင် ဆိုင်ကယ်စီးပြနေသူ တစ်ဦးကို တွေ့ရစဉ်။ (ယာပုံ)

တရုတ်နိုင်ငံ ကွီယန်မြို့တွင် မြေပြင်မှ ၆၅၆ ပေ မြင့်သောကြိုးတန်းပေါ်တွင် တရုတ်အမျိုးသားတစ်ဦးက မော်တော်ဆိုင်ကယ်တစ်စီးကို ကျွမ်းကျင်စွာ စီးပြခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

ပုလင်းများပေါ် စက်ဘီးစီးပြီး စွမ်းရည်ပြသူ

ပုလင်းများပေါ်တွင် စက်ဘီးစီးပြီး စွမ်းရည်ပြသူတစ်ဦးကို တွေ့ရစဉ်။ (ဝဲပုံ)

တရုတ်နိုင်ငံ အရှေ့ပိုင်း ဟန်ကျိုးပြည်နယ်တွင် တရုတ်လူငယ်တစ်ဦးက မြေပြင်ပေါ်၌ စီတန်းထောင်ထားသော ပုလင်းထိပ်များပေါ်မှ ဖြတ်ကာ စက်ဘီးစီးနင်းပြသခဲ့ကြောင်း သိရသည်။

(အင်တာနက်)

အီရတ်မှအယ်လ်ခိုင်ဒါခေါင်းဆောင် အယ်မာဆရီ သေဆုံးသွားပြီဟု ပြည်ထဲရေးဌာန ကြေညာ

ဘဂ္ဂဒက် မေ ၃

အီရတ်မှ အယ်လ်ခိုင်ဒါခေါင်းဆောင် အဘူအယ်မာဆရီမှာ ဘဂ္ဂဒက်မြောက်ဘက်တွင် စစ်သွေးကြွများ အချင်းချင်းတိုက်ခိုက်စဉ် မေ ၁ ရက်က သေဆုံးသွားကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အယ်မာဆရီသည် ယနေ့သေဆုံးကြောင်း တိကျသည့် ထောက်လှမ်းရေးသမားများရရှိသည်ဟု ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် အဗ္ဗဒူကာရင်ခါလက်က ပြောကြားသည်။

အတည်မပြု

အမေရိကန်စစ်ဘက်က ထိုသတင်းများကို အတည်မပြုနိုင်သေးဟု ကြေညာသည်။ အီရတ်ရှိ ဆွန်နီအစ္စလာမ္မစ် အယ်လ်ခိုင်ဒါနှင့် အခြားသောဆွန်နီ အာရပ်သူပုန်များအကြား သဘောထားကွဲလွဲသည်က အထူးသဖြင့် အရပ်သားများအပေါ် အယ်လ်ခိုင်ဒါတို့က ခွဲခြားခြင်းမရှိ သတ်ဖြတ်နေမှုအပေါ် သဘောထားကွဲခြင်းဖြစ်သည်။

တိုက်ခိုက်

အယ်မာဆရီသည် အီဂျစ်နိုင်ငံသားတစ်ဦးဖြစ်သည်။ သူသည် ၂၀၀၆ ခုနှစ် ဇွန်လက အမေရိကန်လေကြောင်း တိုက်ခိုက်မှုကြောင့် ဂျော်ဒန်နိုင်ငံသား အယ်ဇာကာဝီ သေဆုံးပြီးနောက် အီရတ်ရှိ အယ်လ်ခိုင်ဒါ ခေါင်းဆောင်တာဝန်ကို ရယူလိုက်သူဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း မြောင်းမြမြို့နယ် ရွှေလင်းယုန်ရော်ဘာခြံတွင် ခြစ်ယူရရှိသော ရော်ဘာစေးမှ ရော်ဘာပြားများထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

＊ ရှေ့ဖုံးမှ

အခမ်းအနားတွင် အစီအစဉ်အရ မြောင်းမြမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝေက မြောင်းမြမြို့နယ်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဒေသဆိုင်ရာ အချက်အလက်များ၊ မိုးစပါး လျာထားဧက ၂၀၃၇၀၂ အပေါ် ၂၀၃၇၁၉ ဧက၊ နွေစပါး လျာထားဧက ၁၁၄၇၁၀ အပေါ် ၁၁၄၇၉၇ ဧကအထိ စိုက်ပျိုးနိုင်မှု၊ ခြစည်းရိုးကြက်ဆူကို ၂၀၀၆ ခုနှစ်တွင် ဧက ၇၀၀ လျာထားပြီး ၆၃၈ ဒသမ ၃၀ ဧက စိုက်ပျိုးပြီးစီးမှု အခြေအနေ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ် အကောင်အထည်ဖော်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက တင်ပြချက်များအပေါ် လိုအပ်သည်များကို မေးမြန်းဆွေးနွေးဖြည့်ဆည်းပေးပြီး အမှာစကား ပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြောင်းမြမြို့မှ မြောင်းမြ-လပွတ္တာလမ်းအတိုင်း ထွက်ခွာကြရာ နံနက် ၈ နာရီ မိနစ် ၅၀ တွင် မြောင်းမြမြို့နယ် ဇရပ်ကွင်းကျေးရွာရှိ ဒေါ်နွဲ့နွဲ့ဝင်း၏ ဧက ၇၀ ရှိ ရော်ဘာခြံသို့ ရောက်ရှိကြသည်။

ရော်ဘာခြံ၌ မြောင်းမြမြို့နယ် သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဆွေက မြောင်းမြမြို့နယ် ကျောက်ကုန်းကြိုးဝိုင်း ဧရိယာအတွင်း ရော်ဘာစိုက်ဧက ၃၀၀၀ ဖော်ထုတ်စိုက်ပျိုးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း မြောင်းမြမြို့နယ် ဦးစီးမှူး ဦးကြည်စိုးက မြို့နယ်အတွင်း ရော်ဘာစိုက်ပျိုးမှုအခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မေးမြန်းဆွေးနွေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက တင်ပြချက်များအပေါ် မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ မြောင်းမြမြို့နယ် တောင်ကလေးကျေးရွာအုပ်စု ရှုခင်းသာကျေးရွာရှိ ဦးမြင့်အောင်-ဒေါ်ရီရီသန်းမိသားစု ကြက်မွေးမြူရေးခြံသို့ ရောက်ရှိကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းအား ခြံပိုင်ရှင် ဦးမြင့်အောင်က ကြက်ခြံ ၃၃ ခြံ၌ C.P Brown အမျိုးအစား ကြက်ကောင်ရေ ၄၁၀၀၀ မွေးမြူထားရှိမှု၊ နေ့စဉ် ကြက်ဥ နှစ်သောင်းကျော် ထုတ်လုပ်မှုအခြေအနေများကို လိုက်လံရှင်းလင်းပြသသည်။

စနစ်တကျဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ကြက်မွေးမြူရေးလုပ်ငန်းကို စနစ်တကျတိုးတက်အောင် ဆောင်ရွက်ရင်း တစ်ဖက်မှ ကြက်ငှက်တုပ်ကွေးရောဂါအပါအဝင် ကူးစက်ရောဂါများ မဖြစ်ပွားစေရအောင် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ထားရှိရေးနှင့် ကြက်ခြံဝန်းကျင်၌ ရော်ဘာစိုက်ပျိုးရေးတို့ကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာကြရာ မြောင်းမြမြို့နယ် ခွေးလေးကြီးကျေးရွာအုပ်စု ဝါးကြိုတ်လိပ်ကျေးရွာရှိ ရွှေလင်းယုန်ရော်ဘာခြံသို့ ရောက်ရှိကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းအား မြောင်းမြမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝင်းက မြောင်းမြမြို့နယ်အနေဖြင့် ရော်ဘာကို ယမန်နှစ်က ဧက ၂၀၀၀ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်တွင် ဧက ၄၅၀၀ စိုက်ပျိုးရန် စီစဉ်ထားပြီးဖြစ်ရာ ယခုနှစ်ကုန်တွင် စုစုပေါင်းဧက ၆၅၀၀ ခန့် စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ မြို့နယ်အနေဖြင့် သုံးနှစ်အတွင်း ရော်ဘာဧက ၁၀၀၀၀ ပြည့်မီရန်ဧက ၃၅၀၀ ခန့်သာ ကျန်ရှိပြီး အဆိုပါ ကျန်ရှိဧကများ အပြည့်အဝစိုက်ပျိုးခြင်းကို သတ်မှတ်ကာလအတွင်းပြီးစီးအောင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ လက်ရှိရော်ဘာဧက ၂၀၀ မှ အစေးခြစ်နိုင်ပြီဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

တိုးချဲ့စိုက်ပျိုး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက တင်ပြချက်အပေါ် လိုအပ်သည်များကို မေးမြန်းဆွေးနွေးပြီး ဒေသနေ ရော်ဘာစိုက်ပျိုးရန် စိတ်ပါဝင်စားကြသည့်ခြံပိုင်ရှင်များအား မြောင်းမြမြို့နယ်အတွင်း သိလ္လာမြေတွင် ရော်ဘာစိုက်ပျိုးရန် ရေမြေအရ သင့်တော်သဖြင့် တိုးချဲ့စိုက်ပျိုးသွားကြရန် ရော်ဘာသည် ပြည်ပမှ ဝယ်လိုအားမြင့်မားနေမှုကြောင့် စိုက်ပျိုးပါက ဝင်ငွေကောင်းပြီး အကျိုးစီးပွားဖြစ်ထွန်းသည့် သီးနှံဖြစ်သဖြင့် မိမိတို့အနေဖြင့် ဒေသနေပြည်သူများ လူနေမှုဘဝ ပိုမိုမြင့်မားစေရန်အတွက် ရော်ဘာစိုက်ပျိုးရန် နှိုးဆော်၍ စိုက်ပျိုးရေးပညာနှင့် ရော်ဘာမျိုးပင်များရရှိရေးတို့ကို ဆောင်ရွက်ပေးနေခြင်းဖြစ်ရာ မြေလွတ်မြေရိုင်းများတွင် တိုးချဲ့စိုက်ပျိုးသွားကြရေးတို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဒေသခံ ခြံပိုင်ရှင်များနှင့် ရော်ဘာစိုက်ပျိုးရန် စိတ်ဝင်စားကြသည့် ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး ရွှေလင်းယုန်ရော်ဘာခြံအတွင်း ခြစ်ယူရရှိသော ရော်ဘာစေးမှ ရော်ဘာပြားများ ထုတ်လုပ်နေမှုနှင့် ရော်ဘာပင်များ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီ မိနစ် ၄၀တွင် လပွတ္တာမြို့နယ် ခြစည်းရိုးကြက်ဆူ စုပေါင်းပျိုးပွဲတော်သို့ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လပွတ္တာမြို့နယ်ရှိ လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများအတွက် ခြစည်းရိုးကြက်ဆူမျိုးများကို သက်ဆိုင်ရာ ကိုယ်စားလှယ်များအား ပေးအပ်သည်။

ပျိုးထောင်ပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူးတို့သည် သတ်မှတ်ထားသော ပျိုးအိတ်များ၌ ခြစည်းရိုးကြက်ဆူမျိုးစေ့များကို ပျိုးထောင်ပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ခြစည်းရိုးကြက်ဆူ စုပေါင်းပျိုးပွဲ၌ ပါဝင်ပျိုးထောင်နေကြသော ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား လိုက်လံနှုတ်ဆက်အားပေးပြီး ခြစည်းရိုးကြက်ဆူပျိုးခြံနှင့် ငရုတ်ကောင်းပျိုးခြံတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် လပွတ္တာမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေနဒီခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အမှာစကားပြောကြားရာတွင် လပွတ္တာမြို့နယ်သည် ဧရာဝတီတိုင်း၌ မိုးစပါးစိုက်ပျိုးမှု အများဆုံးမြို့နယ်ဖြစ်ကြောင်း၊ ဒေသ ဆန်ဖူလုံမှုကို ၃၂၅ ဒသမ ၉၇ ရာခိုင်နှုန်းအထိ ဆောင်ရွက်နိုင်သည်ကို တွေ့ရကြောင်း၊ နှစ်စဉ်တိုးတက်လျက်ရှိသော လူဦးရေအတွက် ရိက္ခာဖူလုံစေရန် နိုင်ငံတော်အနေဖြင့် ဆန်စပါးထုတ်လုပ်မှုကို တိုးတက်အောင် ဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းသည် နိုင်ငံတော်၏ ဆန်ထုတ်လုပ်မှုအများဆုံး တိုင်းဖြစ်သည်နှင့်အညီ ယခုထက်ပိုမိုအောင် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ စပါးအထွက်နှုန်း ပိုမိုကောင်းမွန်ရေး၊ စိုက်ပျိုးမြေ ပိုမိုတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ဌာနဆိုင်ရာဝန်ထမ်းများက ကူညီပံ့ပိုးပေးကြရန် ဖြစ်ကြောင်း မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် လပွတ္တာမြို့ရှိ မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးရုံရှိ သွားနှင့်ခံတွင်းဘက်ဆိုင်ရာဌာန၊ အတွင်းလူနာခန်းများ၊ အမျိုးသမီးဆောင်၊ မီးဖွားဆောင်နှင့် သားဖွားခန်း၊ ဓာတ်မှန်ခန်းနှင့် ခွဲစိတ်ဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ် လပွတ္တာမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှကြိုင်နှင့် တာဝန်ရှိသူများက လိုက်လံပြသ ရှင်းလင်းကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လပွတ္တာမြို့မှ လပွတ္တာလုပ်မြောက်ကျေးရွာသို့ မော်တော်ယာဉ်များဖြင့် သွားရောက်၍ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် တီဗွီ၊ ကက်ဆက်နှင့် စာအုပ်များ လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

အခမ်းအနားတွင်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လပွတ္တာလုပ်မြောက်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် တီဗွီနှင့်ကက်ဆက်တို့ကို ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းလွင်နှင့် စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးသန်းဦးတို့ထံ ပေးအပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က စာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးသန်းဦးထံ ပေးအပ်လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် လပွတ္တာလုပ်မြောက်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၌ စာအုပ်ပေါင်း ၃၂၈၀ အုပ် စီစဉ်ထားရှိမှုနှင့် စာကြည့်တိုက်ဖွဲ့စည်းမှု အခြေအနေများကို လည်းကောင်း၊ စာကြည့်တိုက်နှင့်အတူ အဆောက်အအုံတစ်ခုတည်းတွင် ဖွင့်လှစ်ထားရှိသော ကျေးရွာဆေးပေးခန်း အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လပွတ္တာလုပ်မြောက်ကျေးရွာ၏ မေတ္တာကမီ ဆိပ်ကမ်းတံတားနှင့် လပွတ္တာလုပ်ချောင်းတစ်ဖက်ရှိ လပွတ္တာလုပ်တောင်ရွာ၏ သစ္စဝါဒီဆိပ်ကမ်းတံတားအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် လပွတ္တာလုပ်မြောက်ကျေးရွာအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်၍ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

သောက်သုံးရေပေးဝေရေး

ယင်းနောက် မော်တော်ယာဉ်များဖြင့် လပွတ္တာမြို့သို့ ပြန်လည်ထွက်ခွာကြပြီး လပွတ္တာမြို့ (၇)ရပ်ကွက်ရှိ လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်နေသော မြို့ သောက်သုံးရေ ပေးဝေရေးလုပ်ငန်း၏ အများသုံးရေပိုက်အား ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းအား လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်သန်းက လပွတ္တာမြို့ပေါ် ရပ်ကွက်များအား နှစ်ရက်လျှင် သောက်သုံးရေ ၂၈၈၆၄ ဂါလန်ပေးဝေနေမှုအခြေအနေ၊ ရေကန် ၁၇ ကန်မှ ရေဂါလန် ၇၆၁ သိန်း သိုလှောင်မှု၊ နှစ်စဉ် နိုဝင်ဘာလမှ မေလအထိ ရေပေးဝေနေမှု၊ အိမ်ရေတိုင် ၁၄၀ ကို ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် တပ်ဆင်ရေးသွယ်မှု၊ ဆက်လက်၍ ရေမီတာစနစ်ဖြင့် ရေပေးဝေမည့်အစီအစဉ်တို့ကို ရှင်းလင်းတင်ပြရာ ဧရာဝတီတိုင်း စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးတင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားပြီး လပွတ္တာမြို့၌ ညအိပ်ရပ်နားသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၄-၅-၂၀၀၇ ရက် (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၅။	ရိုးရာကျေးလက်ကစားနည်း
၈း၀၅	၆။	အကပြိုင်ပွဲ
၈း၁၅	၇။	ကြေးမုံရိပ်သွင် တေးနယ်ဉ်
၈း၂၅	၈။	လုပဝင့်ကြွား ဖောင်တော်ကြီးဆိပ်ခံတံတား
၈း၃၀	၉။	International News
၈း၄၅	၁၀။	Happy and Educational English Summer Course MRTV

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	တေးသရုပ်ဖော်အစီအစဉ်
၁၆း၄၀	၄။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(မြန်မာစာအထူးပြု) (မြန်မာစာ)
၁၇း၀၀	၅။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇း၁၀	၆။	မြန်မာစာမြန်မာစကား
၁၇း၃၀	၇။	နှောင်းခေတ်တေးပဒေသာ
၁၇း၄၅	၈။	**"လောကရဲ့အလှရတနာ"** (ရဲအောင်၊ မေသဥ္ဇာဦး၊ သူထူးစံ၊ ပွင့်နဒီမောင်၊ ချစ်စနိုးဦး၊ ချောရတနာ၊ မေကဗျာ)
၁၈း၀၀	၉။	ညနေခင်းသတင်း
၁၈း၃၀	၁၀။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၁။	သုတစုံလင် ရွှေဥာဏ်ရှင်
၁၉း၀၅	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ်ရွက်ကလေး၏ ရင်ခုန်သံ"** (အပိုင်း-၁၉)
၂၀း၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **"အကြင်နာနွေဦး"** (အပိုင်း-၃၂)(ဇာတ်သိမ်းပိုင်း)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဗဟိုသင်တန်းသားရွေးချယ်ရေးကော်မတီ စည်းဝေး

နေပြည်တော် မေ ၃

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဗဟိုသင်တန်းသားရွေးချယ်ရေးကော်မတီ အစည်းအဝေး ၁/၂၀၀၇ ကို ယမန်နေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုသင်တန်းသားရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါအစည်းအဝေးသို့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ အဖွဲ့အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)နှင့် (အထက်မြန်မာပြည်)၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဝင်ခွင့်လျှောက်လွှာရရှိနိုင်

ယင်းအစည်းအဝေးတွင် ပညာရေးဘွဲ့(ဘီအီးဒီ) လေးနှစ်သင်တန်း ပထမနှစ်သင်တန်း အမှတ်စဉ်(၄၂) သင်တန်း၊ မဟာပညာရေးဘွဲ့ နှစ်နှစ်သင်တန်း၊ ပညာရေးဘွဲ့(ဘီအီးဒီ) တစ်နှစ်သင်တန်း၊ အလယ်တန်းဆရာ အတတ်သင်တန်း ပညာရေးဘွဲ့(ဘီအီးဒီ)ပေါင်းကူး နှစ်နှစ်သင်တန်း၊ ဆရာအတတ်ပညာ ဒီပလိုမာ တစ်နှစ်သင်တန်းများသို့ သင်တန်းတက်ရောက်ရန် သင်တန်းသားများကို ရွေးချယ်အတည်ပြုပေးခဲ့ပြီး ပညာရေးဘွဲ့(ဘီအီးဒီ) လေးနှစ်သင်တန်း ပထမနှစ်သင်တန်း အမှတ်စဉ်(၄၃) သင်တန်းလျှောက်လွှာခေါ်ယူရေးအတွက် ပြည်နယ်၊ တိုင်း သင်တန်းသားရွေးချယ်ရေးကော်မတီဥက္ကဋ္ဌများထံ အကြောင်းကြားရန် ဆုံးဖြတ်ကြသည်။ ၎င်းသင်တန်းအမှတ်စဉ်(၄၃)သို့ တက်ရောက်လိုသူများသည် သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီပါက ဝင်ခွင့်လျှောက်လွှာပုံစံများကို သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း သင်တန်းသားရွေးချယ်ရေးကော်မတီများထံ၌ ရရှိနိုင်ပြီး ဩဂုတ် ၃ ရက် နောက်ဆုံးထား၍ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ အရောက်ပေးပို့ရန်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှား အားကစား

ကိုးကားတင်ပြသူ မောင်မောင်မြင့်ဆွေ

အေစီမီလန်နှင့် မန်ယူတို့ပွဲအပြီး နည်းပြတို့၏ ပြောစကားများ

မီလန် မေ ၃

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်အဖြစ် အေစီမီလန်နှင့် မန်ယူတို့ပွဲတွင် အေစီမီလန်တို့က သုံးဂိုးပြတ်သွင်းကာ နှစ်ပွဲပေါင်းရလဒ် ငါးဂိုး–သုံးဂိုးဖြင့် ချန်ပီယံလိဂ်ဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့ပြီဖြစ်သည်။

အိပ်မက်

ယခုပွဲ၌ မန်ယူအသင်း အဝေးကွင်း၌ အေစီမီလန်ကို ရှုံးနိမ့်ခဲ့ရမှုမှာ ၁၉၉၉ ခုနှစ်က ရရှိခဲ့သော ဖလားသုံးလုံးအိပ်မက်ကို ပျက်ပြားစေခဲ့ခြင်းလည်းဖြစ်သည်။ မန်ယူအသင်း ယခုပွဲ၌ ရှုံးနိမ့်ခဲ့ရမှုမှာ ကစားသမားများ၏ စွမ်းဆောင်မှု အားနည်းခဲ့၍မဟုတ်ဘဲ လူအခင်းအကျင်းနှင့် ဗျူဟာကျင့်သုံးမှုမှားယွင်းခဲ့ခြင်းကြောင့် ဖြစ်ကြောင်း ဥရောပဘောလုံးကျွမ်းကျင်သူ ဂျန်မိုလ်ဘိုင်က ပြောကြားခဲ့သည်။

ထိန်းချုပ်ခဲ့

သို့ရာတွင် မန်ယူနည်းပြ ဖာဂူဆန်ကမူ ယခုပွဲနှင့်ပတ်သက်၍ **"မီလန်တို့ ရသွားတဲ့ဂိုးတွေက တကယ့်ကို သက်သက်သာသာနဲ့ ရသွားတဲ့ဂိုးတွေပါ။ ဒီနေ့ပွဲရလဒ်ကတော့ တကယ့်ကို စိတ်ပျက်စရာပါပဲ။ မီလန်ဘောလုံးသမားတွေက လျင်လျင်မြန်မြန်နဲ့ ကစားသွားနိုင်ကြတယ်။ သူတို့က ကွင်းလယ်ကို အကောင်းဆုံးထိန်းချုပ်ကစားသွားတာမို့ ဒီနေ့ပွဲ သူတို့ အနိုင်ရထိုက်ပါတယ်"**ဟု ပြောကြားခဲ့သည်။

မန်ယူနည်းပြ ဖာဂူဆန်။ (ဓာတ်ပုံ–အင်တာနက်)

မန်ယူအသင်းမှ ရွှန်နေ၊ စီရိုနယ်ဒိုနှင့် ရိုင်ယန်ဂစ်တို့လည်း အေစီမီလန်နှင့်ပွဲတွင် ထင်တိုင်းမပေါက်ခဲ့ရာ စီရိုနယ်ဒိုနှင့်ပတ်သက်၍လည်း ဖာဂူဆန်က **"စီရိုနယ်ဒိုဟာ တကယ်ထူးချွန်တဲ့ ကစားသမားတစ်ဦးပါ။ ကျွမ်းကျင်မှု အရည်အသွေးလည်း ကောင်းပါတယ်။ အေစီမီလန်အသင်း အချို့ကစားသမားတွေရဲ့ အတွေ့အကြုံနဲ့ ကျွမ်းကျင်ပါးနပ်မှုကို ကြုံတွေ့ခဲ့ရတာကလည်း တန်ဖိုးရှိတဲ့ အမြတ်တစ်ခုပါပဲ၊ ဒီနေ့ပွဲရဲ့ အနေအထားကို သူလည်း အားမလိုအားမရဖြစ်ခဲ့ရတာပါ"** ဟု ၎င်း၏တပည့်နှင့်ပတ်သက်ပြီး ပြောကြားခဲ့သည်။

ထို့အပြင် အေစီမီလန်နှင့် ဒုတိယအကျော့ကစားရမည့် ပွဲနှင့်ပတ်သက်၍ ဖာဂူဆန်အနေဖြင့် ပြီးခဲ့သည့် သီတင်းပတ်အနည်းငယ်က မန်ယူ၏ အဓိကကစားသမားများကို အနားမပေးခဲ့မှုကလည်း အချက်တစ်ချက် ဖြစ်နေသည်။ ယခုရက်ပိုင်းအတွင်း မန်ယူသည် အရေးကြီးသော ဘောလုံးပွဲစဉ်များချည်းဖြစ်နေရာ အသင်း၏ အဓိကဘောလုံးသမားများအား ပွဲတိုင်းထုတ်သုံးခဲ့ရသည်။

ကြံ့ခိုင်မှု

ထိုကိစ္စနှင့်ပတ်သက်ပြီး ဖာဂူဆန်က **"မီလန်ဘောလုံးသမားတွေဟာ ကောင်းကောင်း အနားယူခဲ့ကြရလို့ ကြံ့ခိုင်မှု ပြည့်ဝနေကြတယ်။ ကျွန်တော့်လူတွေကိုတော့ ဒီလို မလုပ်ပေးနိုင်ခဲ့ဘူး။ ဒီနေ့ပွဲရလဒ်ကို ကျွန်တော်တို့ လက်ခံရမှာပါ"** ဟု ပြောကြားခဲ့သည်။

ထို့အတူ မန်ယူအသင်းကို အိမ်ကွင်း၌ အနိုင်ရပြီး နှစ်ပွဲပေါင်းရလဒ်ဖြင့် ချန်ပီယံလိဂ်ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည့် အေစီမီလန်နည်းပြ အန်ဆယ်လော့တီကလည်း **"ဒီနေ့ပွဲဟာ အေစီမီလန်အတွက်တော့ တကယ့်ကို ကြီးကျယ်တဲ့ အောင်ပွဲပါပဲ။ မန်ယူအသင်းဟာ ထိပ်တန်းအသင်းကောင်းတစ်သင်းမို့ ကျွန်တော်တို့ သေသေချာချာ ပြင်ဆင်ခဲ့ရတယ်။ ဒီပွဲမှာ ပထမပိုင်းမှာတင် နှစ်ဂိုးသွင်းထားနိုင်လို့ ကျွန်တော်တို့နိုင်ပြီဆိုတာ ယုံကြည်ထားပါတယ်။ ကျွန်တော့် ကစားသမားတွေ ဒီနေ့ကစားသွားတာ အပြစ်ပြောစရာ သိပ်မရှိပါဘူး"**ဟု ပြောကြားခဲ့သည်။

စိန်ခေါ်မှု

အေစီမီလန်အသင်း အနိုင်ရရှိခဲ့ပြီးနောက် နောက်ဆုံးချန်ပီယံလိဂ်ဗိုလ်လုပွဲ၌ ရင်ဆိုင်ကြုံတွေ့ရမည့် လီဗာပူးအသင်းနှင့်ပတ်သက်၍လည်း အန်ဆယ်လော့တီက **"ဒီတစ်ခါ ဗိုလ်လုပွဲတော့ ကျွန်တော်တို့အတွက် ကြီးမားတဲ့စိန်ခေါ်မှုတစ်ရပ်ပါပဲ။ အမှန်အတိုင်းပြောရရင် လီဗာပူးကို မန်ယူအသင်းလောက် ကျွန်တော်တို့မရွံ့ပါဘူး။ တစ်ခုတော့ ရှိတယ်၊ လီဗာပူးဟာ စိတ်ဓာတ်ပိုင်းမှာတော့ အင်မတန်မာကျောတဲ့အသင်းဆိုတာပါပဲ။ ကျွန်တော်တို့အခုကတည်းက ပြင်ဆင်ရတော့မှာပါ"**ဟု လည်း ဆက်လက်ပြောကြားသည်။

အေစီမီလန်သည် ၂၀၀၅ ခုနှစ် ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲ၌ လီဗာပူးနှင့် ကစားခဲ့ရာတွင် သုံးဂိုးဦးဆောင်သွင်းထားပြီးမှ လီဗာပူးတို့က သုံးဂိုးစလုံး ချေပဂိုးများ သွင်းယူကာ ပယ်နယ်တီအဆုံးအဖြတ်ဖြင့် ချန်ပီယံလိဂ်ဖလား လက်လွတ်ဆုံးရှုံးခဲ့ရရာ မေ ၂၃ရက်၌ကစားမည့်ချန်ပီယံလိဂ်ဗိုလ်လုပွဲ၌ မည်သို့ရလဒ်ဖြစ်ပေါ်လာမည်ကို စောင့်ကြည့်ရမည်ဖြစ်ပါကြောင်း။ ။

(ကိုးကား–အင်တာနက်)

အေစီမီလန်နည်းပြ အန်ဆယ်လော့တီ။ (ဓာတ်ပုံ–အင်တာနက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

* **ဝါဒါဘရီမင်တိုက်စစ်မှူး ကလိုဆေးအား လာမည့်ရာသီတွင် ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကစားခွင့်မပြုကြောင်း ဝါဒါဘရီမင်ကလပ်က ပြောကြားလိုက်သည်။**

* ဝက်စ်ဟမ်းအသင်းနှင့်ကစားမည့် ပရီမီယာလိဂ် ထိပ်တန်းအသင်းများသည် လာမည့်ပွဲစဉ်များတွင် တန်းဆင်းဇုန်လွတ်မြောက်ရေး ကြိုးစားနေချိန်ဖြစ်၍ ယင်းတို့ထံမှ ရမှတ်များ အလွယ်တကူ ရယူနိုင်လိမ့်မည်မဟုတ်ကြောင်း ဝက်စ်ဟမ်းအသင်းက ပြောကြားလိုက်သည်။

* **အဲဗာတန်တိုက်စစ်မှူးများဖြစ်ကြသည့် ဂျိမ့်စ်ဗောက်ဟမ်နှင့် အနီချီဗီတို့သည် ၂၀၁၁ ခုနှစ်အထိ အဲဗာတန်နှင့် စာချုပ်သစ်များ ချုပ်ဆိုလိုက်သည်။**

* အဲဗာတန်တိုက်စစ်မှူး အင်ဒီဂျွန်ဆင်သည် ခြေမျက်စိခွဲစိတ်ရမည်ဖြစ်၍ ယူရို ၂၀၀၈ ခြေစစ်ပွဲအဖြစ် အင်္ဂလန်အသင်းနှင့် အက်စ်တိုးနီးယားတို့ ကစားမည့်ပွဲတွင် ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်း အဲဗာတန်ကလပ်က ပြောကြားသည်။

* **ဆန်းဒါးလင်းဂိုးသမား ဒဲရင်ဝပ်သည် ဝေလလက်ရွေးစင်အသင်းမှ အနားယူပြီဖြစ်ကြောင်း ကြေညာလိုက်သည်။** (အင်တာနက်)

နည်းပြဝင်းဂါး အာဆင်နယ်မှ ထွက်ခွာဖွယ်ရှိ အသင်းခေါင်းဆောင်ဟောင်း ဗီယာရာပြောကြား

စုစည်းတင်ပြသူ မြင့်မောင်စိုး

လန်ဒန် မေ ၃

အာစင်ဝင်းဂါးသည် အသင်းဒုတိယဥက္ကဋ္ဌဒေးဗစ်ဒိန်း ထွက်သွားပြီးနောက် ယင်း၏အနာဂတ်နှင့်ပတ်သက်၍ ထည့်သွင်းစဉ်းစားလိမ့်မည်ဖြစ်ကြောင်း အာဆင်နယ်အသင်း ခေါင်းဆောင်ဟောင်း ပက်ထရစ်ဗီယာရာက ပြောကြားလိုက်သည်။

အာဆင်နယ်နည်းပြ ဝင်းဂါးနှင့် ဗီယာရာ။ (ဓာတ်ပုံ–အင်တာနက်)

ဝင်းဂါးသည် ၂၀၀၈ခုနှစ်ကုန်တွင် အာဆင်နယ်အသင်းနှင့် စာချုပ်ကုန်ဆုံးမည်ဖြစ်သည်။ ၎င်း၏သူငယ်ချင်း ဒေးဗစ်ဒိန်း ထွက်ခွာသွား၍ စိတ်ပျက်နေသည်ဟု ဗီယာရာက ပြောကြားသည်။

ဝင်းဂါးနှင့်ဒေးဗစ်ဒိန်းတို့သည် အာဆင်နယ်အသင်း၏ တိုးတက်ရာတိုးတက်ကြောင်းအတွက် အတူတကွ ပူးပေါင်းလုပ်ကိုင်ခဲ့ကြသူများဖြစ်ကြောင်း၊ ဝင်းဂါးသည် အာဆင်နယ်အသင်း၏ တိုးတက်ရာတိုးတက်ကြောင်းအတွက် ဆုံးခန်းတိုင် လုပ်ကိုင်နိုင်လိမ့်မည်မဟုတ်ကြောင်း အင်တာမီလန်ရောက် ဗီယာရာက ပြောကြားသည်။

ကြိုးပမ်းခဲ့

ဝင်းဂါးသည် ၁၉၉၆ခုနှစ်က ဗီယာရာအား အေစီမီလန်အသင်းမှ အာဆင်နယ်သို့ ခေါ်ယူကစားခဲ့ဖူးသည်။ ၎င်းသည် ပြင်သစ်အသင်း ကမ္ဘာ့ဖလားဗိုလ်စွဲရန် ကြိုးပမ်းဆောင်ရွက်ခဲ့သလို အာဆင်နယ်အသင်းကိုလည်း အောင်မြင်ရေး လမ်းကြောင်းပေါ်သို့ ပို့ပေးနိုင်ခဲ့သည်။ **(အင်တာနက်)**

ဆဲလ်တစ်တိုက်စစ်မှူး နာကာမူရာ အကောင်းဆုံးဘောလုံးသမားဆု ဆွတ်ခူးပြန်

ဆဲလ်တစ် မေ ၃

ဆဲလ်တစ်အသင်း တိုက်စစ်မှူး ဂျပန်နိုင်ငံသား နာကာမူရာသည် စကော့တလန် အားကစားကလောင်ရှင်များအသင်း၏ အကောင်းဆုံးဘောလုံးသမားဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

ထို့အတူ ဆဲလ်တစ်အသင်း မန်နေဂျာ စထရာချန်သည်လည်း အကောင်းဆုံးမန်နေဂျာဆု ဆွတ်ခူးနိုင်ခဲ့သည်။

နာကာမူရာသည် မကြာမီက စကော့တလန် အကောင်းဆုံးကြေးစားဘောလုံးသမားဆုကိုလည်း ဆွတ်ခူးနိုင်ခဲ့သည်။ ၎င်းသည် ဆဲလ်တစ်အသင်း ကစားဖော် စတီဖင်မက်မာနပ်နှင့် အပြိုင်ခြေစွမ်းပြကစားနေသူ ဖြစ်သည်။

အကောင်းဆုံးဘောလုံးသမားဆုရ နာကာမူရာ။ (ဓာတ်ပုံ–အင်တာနက်)

အသက်(၂၁)နှစ်ရှိ နာကာမူရာအား ယခုနှစ်နွေရာသီတွင် အချို့သောကလပ်များက ငွေကုန်ကြေးကျ အကုန်ခံ၍ ခေါ်ယူလိမ့်မည်ဟုမျှော်လင့်ကြောင်း ဆဲလ်တစ် တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နာကာမူရာကဲ့သို့ နည်းပြ စထရာချန်သည်လည်း နှစ်ထပ်ကွမ်း အကောင်းဆုံးမန်နေဂျာဖြစ်လာသည်။ ၎င်းသည် မကြာမီက အက်စ်ပီအက်ဖ်အေ၏ အကောင်းဆုံးမန်နေဂျာဆု ဆွတ်ခူးနိုင်ခဲ့သည်။ **(အင်တာနက်)**

အေစီမီလန်က မန်ယူကို အနိုင်ရပြီး ချန်ပီယံလိဂ်ဗိုလ်လုပွဲတက်ပြီ

မီလန် မေ ၃

အေစီမီလန်နှင့် မန်ယူအသင်းတို့ ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်အဖြစ် အေစီမီလန်ကွင်းတွင် မေ ၃ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ အေစီမီလန်က သုံးဂိုး–ဂိုးမရှိဖြစ် အနိုင်ရရှိသွားသည်။

မန်ယူအသင်းသည် ရွှန်နေတစ်ဦးတည်း တိုက်စစ်မြားဦးထားရှိကာ ကွင်းလယ်၌ ပေါလ်စခိုးလ်၊ စီရိုနယ်ဒို၊ ရိုင်ယန်ဂစ်၊ ဖလက်ချာနှင့်မိုက်ကယ်ကာရစ်တို့ ငါးဦးကို ခင်းကျင်းခဲ့သည်။ နောက်တန်းတွင် ဟိန့်ဇ်၊ အိုရှီးယား၊ ဝက်စ်ဘရောင်းနှင့် ဗီဒစ်တို့ကို အထိုင်ချကာ ကစားစေခဲ့သည်။

အေစီမီလန်တို့ကလည်း တိုက်စစ်တွင် အင်ဇာဂီတစ်ဦးတည်း အထောင်တင်ထားပြီး ကွင်းလယ်၌ ဆီးဒေါ့ဖ်၊ ပီယာလို၊ ဂျန်ကူလော့ဗ်စကီး၊ ကာကာ၊ ဂတ်တူဆိုနှင့် အမ်ဘရိုစီနီတို့ ခြောက်ဦးအထိ ထားရှိကစားခဲ့သည်။

ကန်သွင်းခွင့်များ

မန်ယူသည် ဘောလုံးပိုင်ဆိုင်မှုများသော်လည်း အပိုင်ဂိုးသွင်းခွင့်အခွင့်အရေး နှစ်ကြိမ်သာ ရရှိခဲ့သည်။ အေစီမီလန်တို့က အပိုင်ကန်သွင်းခွင့်ခုနစ်ကြိမ် ရရှိခဲ့ရာမှသုံးဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

အေစီမီလန်အတွက် အဖွင့်ဂိုးကို ပွဲချိန် ၁၁မိနစ်၌ ကာကာက သွင်းယူပေးခဲ့ပြီး ဒုတိယဂိုးကို မိနစ် ၃၀ ၌ ဆီးဒေါ့ဖ်က သွင်းယူပေးခဲ့သဖြင့် ပထမပိုင်းပွဲချိန်အတွင်း အေစီမီလန်တို့ နှစ်ဂိုးရရှိနေခဲ့သည်။ အေစီမီလန်အတွက် တတိယဂိုးကို ပွဲချိန် ၇၈ မိနစ်၌ ဂီလာဒီနိုက သွင်းယူပေးခဲ့၍ အေစီမီလန်တို့ သုံးဂိုးရရှိခဲ့ခြင်းဖြစ်သည်။

မန်ယူသည် ပွဲချိန် ၇၇ မိနစ်တွင် အိုရှီးယားအစား ဆာဟာအား ထည့်သွင်းကစားစေခဲ့သော်လည်း ရလဒ်မပြောင်းနိုင်ခဲ့ပေ။ **(အင်တာနက်)**

အေစီမီလန်နှင့် မန်ယူတို့ပွဲတွင် မန်ယူမှ စီရိုနယ်ဒို(ဝဲ) ထိုးဖောက်ကစားစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ပထမအကြိမ် ကြည့်မြင်တိုင်ကျောင်းကြီးတိုက် မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး ကလေးတရားပွဲ

‘သစ်ဆန်းကြားနာ၊ စင်ကြယ်စွာသား’ ယုံမှားပယ်တတ်၊ဖြောင့်မတ်ယူမြင်၊ စိတ်ကြည်လင်ရိုး၊ ဤငါးမျိုးသည် တရားနာရာ အကျိုးတည်း။ ။

အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဗုဒ္ဓဘုရားဟောကြားတော်မူသည့်အတိုင်း ဘုရားရှင်၏ တရားတော်များကို ရိုသေစွာကြားနာရသူတိုင်း အထက်ပါ အကျိုးတရားငါးပါးတို့ဖြင့် ပြည့်စုံကြစေရန်စိတ်ရည်သန်၍ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်အတွင်း ကိန်းဝပ်စံပယ်လျက်ရှိသော မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး၏ ပထမအကြိမ် ကလေးတရားပွဲကို တစ်ဖက်ပါအတိုင်း ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ သဒ္ဓါတရားဦးထိပ်ထားလျက် တရားနာကြွရောက်ပါရန် ကောင်းမြတ်သော မနသီ၊ ရှင်ကြည်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ဟောကြားမည့်ဆရာတော်	ဟောကြားမည့်နေ့ရက်
ပထမကျော် ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတရေ ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိက	၁၃၆၉ ခု ကဆုန်လပြည့်ကျော် ၃ ရက်မှ ၄ ရက် ကြာသပတေးနေ့နှင့် သောကြာနေ့ (၃-၅-၂၀၀၇)မှ (၄-၅-၂၀၀၇)အထိ

တရားပွဲ အစီအစဉ်

ကျင်းပမည့်နေ့ရက်

၁၃၆၉ ခု၊ ကဆုန်လပြည့်ကျော်
၃ ရက်နေ့မှ ၄ ရက်နေ့အထိ
၂၀၀၇ခုနှစ် မေလ ၃ ရက်နေ့မှ ၄ ရက်နေ့အထိ

ကျင်းပမည့်နေရာ

မဟာသကျမုနိရုပ်ပွားတော်မြတ်
ဂန္ဓကုဋိတန်ဆောင်းတော်ကြီး၊ ကျောင်းကြီးတိုက်၊ ကျောင်းကြီးလမ်း၊
ကြည့်မြင်တိုင်မြို့နယ်။

ကျင်းပမည့်အချိန်

ညစဉ် ၇း၀၀ နာရီ

စစ်ကိုင်းနှင့်မြောင်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးမှု ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၃

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်သည် တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၂၆ ရက်တွင် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ်သို့ရောက်ရှိရာ စစ်ကိုင်းတိုင်း ဦးစီးဌာနမှူး ဦးဝင်းမြင့်က စစ်ကိုင်းမြို့နယ်နှင့် မြောင်မြို့နယ်အတွင်း စနစ်သစ်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား လွယ်ကူလျင်မြန်စွာ ထုတ်ပေးနေမှုများကို ရှင်းလင်းတင်ပြသည်။

ဒုတိယဝန်ကြီးက နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ ထို့နောက် ဒုတိယဝန်ကြီးသည် မြို့နယ်နှင့် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ် စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ မြို့နယ် ကျန်းမာရေးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအားတွေ့ဆုံ၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများ မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန်ထုတ်ပေးရန် ဆောင်ရွက်ပေးနေမှုများ၊ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန်လိုအပ်ချက်များကို ရှင်းလင်းမှာကြားသည်။ အလားတူ ဝက်လက်မြို့နယ်၊ ရွှေဘိုမြို့နယ်တို့တွင်လည်း ကြည့်ရှုစစ်ဆေး တွေ့ဆုံမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးသည် စစ်ကိုင်းတိုင်းဦးစီးဌာနမှူး လိုက်ပါလျက် ဧပြီ ၂၇ ရက်တွင် ကန့်ဘလူ၊ ကျွန်းလှ၊ ကောလင်း၊ ဝန်းသို၊ အင်းတော်မြို့နယ်နှင့် ကသာမြို့နယ်တို့တွင် လည်းကောင်း၊ ဧပြီ ၂၈ ရက်တွင် ခင်ဦး၊ ရေဦး၊ တန့်ဆည်၊ ဒီပဲယင်း၊ ဘုတလင်မြို့နယ်တို့တွင်လည်းကောင်း၊ ဧပြီ ၂၉ ရက်တွင် မုံရွာ၊ ချောင်းဦး၊ မြင်းမူ၊ ကျောက်ဆည်မြို့နယ်တို့တွင် လည်းကောင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများအား နိုင်ငံတစ်ဝန်းလုံး လှုပ်ရှားမှုအသွင်ဖြင့် လွယ်ကူလျင်မြန်စွာ ထုတ်ပေးနေမှုများကို ကြည့်ရှုစစ်ဆေး၍ ခရိုင်မှူးများနှင့် မြို့နယ်မှူးများအား လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာရှအဆင့် လက်ဝှေ့ဒိုင်လူကြီးသင်တန်း ဖွင့်လှစ်ပို့ချ

ရန်ကုန် မေ ၃

အားကစားဝန်ကြီးဌာန၏အစီအစဉ်အရ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်၊ အပြည်ပြည်ဆိုင်ရာ လက်ဝှေ့အဖွဲ့ချုပ်နှင့် အာရှ လက်ဝှေ့အဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် အာရှအဆင့် လက်ဝှေ့ဒိုင်လူကြီးသင်တန်းကို မတ် ၂၈ ရက်မှ ဧပြီ ၃ ရက်အထိ ရန်ကုန်မြို့ လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)၌ ဖွင့်လှစ်ခဲ့ရာ သင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း၊ သင်တန်းနည်းပြများအား ဂုဏ်ပြုလက်ဆောင်ကို လည်းကောင်း ပေးအပ်သည်။ **(အပေါ်ပုံ)**

စာတွေ့လက်တွေ့စစ်ဆေး

အဆိုပါသင်တန်းသို့ ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ် အမှုဆောင် အာရှလက်ဝှေ့အဖွဲ့ချုပ် ဒိုင်လူကြီးကော်မတီဥက္ကဋ္ဌ ဆီးရီးယားနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Shbib M, Kamel နှင့် အာရှလက်ဝှေ့အဖွဲ့ချုပ် အမှုဆောင် ဖိလစ်ပိုင်နိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် အတွင်းရေးမှူး Mr. Rogelio. Fortalezaတို့ လာရောက် သင်တန်းပို့ချကြပြီး စာတွေ့လက်တွေ့စာမေးပွဲများကို ကျင်းပစစ်ဆေးခဲ့သည်။

ယင်းသင်တန်းသို့ မြန်မာနိုင်ငံမှ သင်တန်းသား ၁၀ ဦးတို့ ဝင်ရောက်ဖြေဆိုကြရာတွင် အရာခံဗိုလ်ကျော်ဝင်း (အမှတ်ပေးဒိုင်)၊ ဦးကျော်စိုး ဦးစီးအရာရှိ(အား/ကာ) (အမှတ်ပေးဒိုင်)၊ ဒေါ်မြတ်သက်မွန် (မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်) (ကြိုးဝိုင်းဒိုင်/အမှတ်ပေးဒိုင်)နှင့် ဦးနေဇော် ဦးစီးအရာရှိ (အား/ကာ) (ကြိုးဝိုင်းဒိုင်/အမှတ်ပေးဒိုင်)တို့ လေးဦး ဖြေဆိုအောင်မြင်ခဲ့ကြသည်။

ပထမဦးဆုံးဖြစ်

လက်ဝှေ့ဒိုင်လူကြီး သင်တန်းနှင့် စာမေးပွဲကို ၁၉၆၂ ခုနှစ် နောက်ပိုင်းတွင် ပထမဦးဆုံးအကြိမ် ပြန်လည်ပြုလုပ်နိုင်ခြင်းဖြစ်ပြီး ကြိုးဝိုင်းဒိုင်နှင့် အမှတ်ပေးဒိုင် ပူးတွဲအောင်မြင်မှုရရှိခြင်းမှာ ၁၉၆၅ ခုနှစ်နောက်ပိုင်းတွင် ယခုအကြိမ်သည် ပထမဦးဆုံးအကြိမ်ဖြစ်သည်။

ဝင်ရောက်ဖြေဆို

မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် အနေဖြင့် အဆိုပါဒိုင်လူကြီးသင်တန်းသို့ ဝင်ရောက်ဖြေဆိုရန် ပဏာမ ၁၂ ဦးကို ရွေးချယ်၍ ကြိုတင်လေ့ကျင့်သင်ကြားပေးခဲ့ပြီး အဆင့်မီဖြေဆိုနိုင်သူ ၁၀ ဦးကို ဝင်ရောက်ဖြေဆိုစေခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်တာနက်ကျန်းမာရေး

ဂျင်းနှင့် သိုးမွေးအဝတ်အထည်များ နေရောင်ဒဏ်ကို အကောင်းဆုံးအကာအကွယ်ပေး

လန်ဒန် မေ ၃

နေရောင်ခြည်ဒဏ်မှ အကောင်းဆုံးအကာအကွယ်ပေးနိုင်သော အဝတ်အထည်များတွင် ဂျင်းကဲ့သို့သောအထည်များနှင့် သိုးမွေးအကျီအဝတ်အထည်များပင်ဖြစ်ကြောင်း ဆွစ်ဇာလန် သုတေသနပညာရှင်များက ပြောကြားသည်။

အကာအကွယ်

ကမ္ဘာတစ်ဝန်း နိုင်ငံအများအပြားတွင် သုတေသနပြုမှု ၅၀၀ ခန့်ပြုလုပ်ခဲ့ရာတွင် နေရောင်ခြည်အပူဒဏ်ကို မည်သို့ ကာကွယ်မည်နည်းဟူသော ဆန်းစစ်မှုပြုလုပ်ခဲ့ရာ ဂျင်းနှင့် သိုးမွေးထည်များလောက် အကာအကွယ်ပေးသော အဝတ်အထည်မရှိကြောင်း တွေ့ရှိခဲ့ကြသည်။

ကာကွယ်နိုင်

ကမ်းခြေများသို့ ခရီးထွက်သည့်အခါတွင်မှ သိုးမွေးဆွယ်တာကဲ့သို့သော အဝတ်အထည်များသည် နေရောင်ခြည်တွင် ပါဝင်သော ခရမ်းလွန်ရောင်ခြည်ကို ဟန့်တားကာကွယ်ပေးနိုင်ကြောင်း ဆွစ်ဇာလန်မှ သုတေသနပညာရှင် ဒေါက်တာစတီဖင်လူတန်စလေဂါက ပြောကြားသည်။

(ကိုးကား-အင်တာနက်)

မြန်မာ့သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်ပြပွဲ ဆွေးနွေးပွဲနှင့်သစ်သီးဝလံပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၃

ပထမအကြိမ် မြန်မာ့သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်ပြပွဲ၊ ဆွေးနွေးပွဲနှင့် သစ်သီးဝလံပြိုင်ပွဲကို မေ ၅ရက်မှ ၈ရက်အထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြေပဒေသာကျွန်း၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ သရက်၊သခွားမွှေး၊ဖရဲ၊ငှက်ပျော၊ မာလကာ၊ နာနတ်၊ ပိန္နဲ၊ ကြက်သွန်နီ၊ သဘော်အသီးအနှံများကို မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

ချီးမြှင့်မည်

ပြိုင်ပွဲတွင် အသီးပါအပင်အတွက် ပထမဆုကျပ်တစ်သိန်း၊ ဒုတိယဆု ကျပ်ခုနစ်သောင်း၊ တတိယဆု ကျပ်ငါးသောင်းချီးမြှင့်မည်ဖြစ်ပြီး အသီးအနှံများအတွက် ပထမဆုကျပ် ခုနစ်သောင်း၊ ဒုတိယဆု ကျပ်ငါးသောင်း၊ တတိယဆု ကျပ်သုံးသောင်း ချီးမြှင့်မည်ဖြစ်ကာ သီးနှံတစ်မျိုးချင်း အလိုက် ချီးမြှင့်မည်ဖြစ်သည်။

မြန်မာနိုင်ငံအနှံ့မှထွက်ရှိသော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်မျိုးစုံကို ခင်းကျင်းပြသမည်ဖြစ်ပြီး ဟောပြောပွဲ၊ ဆွေးနွေးပွဲများတွင် စိတ်ပါဝင်စားသူတိုင်း တက်ရောက်ဆွေးနွေးနိုင်သည်။

အဆိုပါပြပွဲ၊ ပြိုင်ပွဲ၊ ဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၇၀၃၇၅၄၊ ၀၁-၅၁၄၂၂၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းနှင့် မည်သူမဆို အခမဲ့ ဝင်ရောက် ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျေးရွာချင်းဆက်လမ်း ကွင်းဆင်းကြီးကြပ်

ရန်ကုန် မေ ၃

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ပြနှင့် ကျေးလက်လမ်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် ယန်းလုံ- နောင်ဟူ- ဝမ်ဟင်ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်မှုကို ဧပြီ ၁၀ ရက်က အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် အင်ဂျင်နီယာမှူး ဦးအောင်နိုင်တို့ ကွင်းဆင်းကြီးကြပ်ရာ လုပ်ငန်းတာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးရဲခေါင်က ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့နေ ဦးခင်မောင်လှ [ဌာနမှူး၊ ငြိမ်း၊ ရန်ကုန်စည်ပင်]-ဒေါ်ခင်ကြည်ငွေးတို့၏သား

မောင်မျိုးမင်း

(မင်းမာယသက်န်းတိုက်)

နှင့်

ရန်ကုန်မြို့နေ ဦးသောင်းရင်[ဌာနမှူး၊ ငြိမ်း၊ ရန်ကုန်စည်ပင်]-ဒေါ်တင်တင်မြင့်တို့၏သမီး

မအေးအေးခိုင်

(B.A, Geography)

တို့သည် ၂၆-၄-၂၀၀၇ ရက်တွင် နေအိမ်၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော ရန်ကုန်တိုင်း တိုင်းတရားသူကြီး ဦးမြသိမ်းအားလည်းကောင်း၊ ၂၉-၄-၂၀၀၇ ရက်တွင် ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် အောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ချီးမြှင့်ဆင်မြန်းပေးပါသော ဝန်ကြီးချုပ်ရုံးဝန်ကြီး(အငြိမ်းစား)ဦးကိုလေးနှင့် ဇနီး ဒေါ်ခင်ခင်အားလည်းကောင်း၊ ကြွရောက် ချီးမြှင့်ပေး ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီစောင့်ရှောက် ပံ့ပိုးပေးခဲ့ကြသော ပုဂ္ဂိုလ်အပေါင်းတို့အားလည်းကောင်း လှိုက်လှဲစွာကျေးဇူး ဥပကာရတင်ရှိ ပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မျိုးမင်း-မအေးအေးခိုင်။

ကုန်စည်ပြပွဲကျင်းပမည်

ပန်းမော်မြို့ ၁၇-၅-၂၀၀၇ မှ ၂၂-၅-၂၀၀၇
မြစ်ကြီးနား ၂၆-၅-၂၀၀၇ မှ ၃၁-၅-၂၀၀၇

မာမား ခေါက်ဆွဲမှ အစီကပ့်ပိုး ကူညီသည်။ ရွှေခြသေ့်သပဝါယပအသင်းလီမိတက်

ဖုန်း-၀၉-၅၁-၇၃၀၇၆၊ ၃၇၁၈၀၀၊ လိုင်းခွဲ-၃၉၄-၄၀၈၊ ၆၃၆၅၀၉။

အမည်ပြောင်း

(အဖ) ဦးသန်းဇော်၏ သမီး မင်းဘူးမြို့ အထက(၂) အဋ္ဌမတန်း (B)မှ မစမ်းဝတ်ရည်ဇော်အား မဝတ်ရည်ကျော်ဟု ပြောင်းလဲခေါ် ပါရန်။ **မဝတ်ရည်ကျော်။**

အမည်ပြောင်း

ဦးကျော်ကျော်ဦး-ဒေါ်ဖြိုးဖြိုးသွယ် တို့၏သား မရမ်းကုန်းမြို့နယ် အထက-၅၊ VI (C)မှ မောင်ကို ကိုဦး (ခ)မောင်ကိုကိုအား မောင်ဇေ ယျာမင်းဟုပြောင်းလဲခေါ်ပါရန်။ **မောင်ဇေယျာမင်း။**

ဟိုးဟိုးကျော် ပေါ်ဆန်းမွှေး

"စမ်းသပ် စားသုံး ဖို့တော့ လိုပါလိမ့်မည်"

Any call: 09 501 7886, 09 511 6063, 09 517 3737, 681263, 681243

Computer Rental

(Pentium-III, Pentium-4 with CD-ROM & Speaker)

NAWARAT Computer Center
No.(135), Bogalayzay St.,(UPPER) Botahtaung Tsp,
Tel: 39 20 47, 09-51 64636, 09-51 33 220

ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်

မင်းဇာနည်ကုမ္ပဏီလီမိတက်ပိုင် ရုံးလုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းများ ၂၂-၄-၂၀၀၇ ရက်နေ့တွင် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပါရန်နှင့် ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။

ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ
၆၈၄၁၈၁၊ ၆၈၄၁၈၂၊ ၆၈၄၁၈၃
၀၉-၅၂၀၀၉၆၃၊ ၀၉-၅၂၀၀၆၃၅

စာမူခွင့်ပြုချက်အမှတ်-၄၀၀၄၆၄၀၄၀၇၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ်-၄၀၀၃၇၃၀၄၀၇

ရာထူးဝင်၊ ဝင်ခွင့် ဖြေဆိုသူများအတွက်
၂၀၀၇ ခုနှစ်

အောင် ကောင်းစုံ

အထွေထွေသိစရာ၊ မှတ်စရာ
ဗဟုသုတမှတ်စု
(မဟာဘွဲ့ရတစ်ဦး)

ဖြန့်ချီရေး -ကောရီစံစာပေ ☎ - ၀၉ ၅၁ ၂၉၆၇၀၊ ၀၉၉၉ ၇၀၂၁၄

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ဘားအံမြို့ ဇွဲကပင်လမ်းအမှတ်(၂၆၇) အမှတ် ၆ရပ်ကွက်နေ ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးဘဟန်(ငြိမ်း)၏သမီးဖြစ်သူ ဒေါ်မြမြအေး ၃/ဘအန (နိုင်) ၀၂၃၇၅၈သည် ဖခင်၏ အရှက်နှင့်သိက္ခာကို ကျဆင်းအောင်ပြုလုပ်ပြီး၊ ဖခင်စိတ်ဆင်းရဲအောင်ပြုလုပ်ခြင်း အပြုအမူများကြောင့် ၎င်းအား ယနေ့မှစ၍ အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။

ဦးဘဟန်
အင်/ယာ(ငြိမ်း) ကရင်ပြည်နယ်။

PEOPLE
ခွင့်ပြုချက်အမှတ်- ၅၄၁၀၃၇၁၀၄၀၇

မြစ်ကမ်းဘေးမှ **နဝရတ်**

လူမင်း နှင့် အထူးအင်တာဗျူး

ACTION NOW
ဝိုင်းစိုင်း၊ ရန်စည်သူ ရဝေအောင်၊ ကြည်ဖြူသျှင်၊ မိုးဟေကို

- အသိဖြင့်ဆိုတာ
- နေ့ပြန်ညကောင်းကောင်း
- ပျော်ပွဲစားထွက်တို့ လိုအပ်လား
- သွယ်သွယ်လေးမိုက်လား၊ ကစ်ကစ်လေးကြိုက်လား

မြတ်ကေသီအောင် ရဲ့ တစ်နေ့တာ

သင်ဇာဝင့်ကျော် အားရင် ဘာလုပ်

Stars' Chat Room (မေတ္တာ၊ ငွေမိုး၊ ပေါ်လေး၊ ဒီလုံး၊ ခင်လှိုင်၊ ဖေလုဝ)

ရယ်မောစေခြင်းအနုပညာ

People Magazine
May 2007
ထွက်ပြီ

သချာကျော်မြင့် ၏ အငယ်တန်းသချာသင်တန်း

ပညာကျော်နှင့်မဟာကျော်နည်းပြ

မေပုံမှန် သင်တန်းနှင့် U.D.E သင်တန်းများ
ဖေလသာနည်းမည်။

အမှတ် ၁၇၀၊ ပ-ထပ်၊ ဆိပ်ကမ်းသာလမ်း(လယ်)၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၉၉-၂၉၆၂၃

ဈေးပေါရင် ခြံကျယ်ကျယ်လိုချင်သူများအတွက်

မြို့ထဲနှင့်မနီးမဝေး မြောက်ဒဂုံ ဘေလီတံတားအနီး စီမံကိန်းအိမ်ရာ ဆိတ်ငြိမ်ရပ်ကွက် ခြံဝန်းကျယ် များကြား ရေ၊ မီး၊ ဖုန်းပါဝင်သော ပေ(၁၀၀)ပတ်လည် နှစ်(၆၀)ဂရန် မြေကွက်(၂)ကွက်ကိုလျှော့ဈေးဖြင့် ရောင်းပါမည်။ (၇)ပေအမြင့် အုတ်တံတိုင်းကာရံပြီး ဘလိတ်ဓားဆူးကြိုး(၂)ပေအမြင့် ကာရံထားသည် အုတ်ကန်၊ ရေစက်အိမ်နှင့် သစ်သားတဲတစ်လုံး ပါဝင်သည်။ ဂိတ်တံခါးတပ်ဆင်ပြီး မြေဖို့ထားပြီး ဖြစ်သည်။ ဆိုဈေး - တစ်ကွက်ကျပ်သိန်း(၂၆၀)၊ လျှော့ဦးမည်။ **ဖုန်း - ၅၇၉၁၉၁၊ ၃၇၂၆၆၀**

ညှိနှိုင်းဈေးဖြင့် ကားအမြန်ရောင်းမည်

ဒိုင်နာခေါင်းလုံး 3Y အင်ဂျင်(CNG) လိုင်းကား

09 99 28589

ကျေးဇူး ဆပ်ပါမည်

ကျွန်တော် ဦးသန်းလွင် ၁ခ/၅၃၀၁ ၏ အမြတ်ခွန်စာရွက် စာတမ်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပါရန်။ **ဖုန်း-၅၀၂၅၈၂။**

မျိုး ကားမီးလုံးဈာ

စရိုးစဉ်အမျိုးမျိုးနှင့်လချုပ် ကားမျိုးစုံ ငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
☎ - 392904, 09 5017088

Since 1986 KMD Computer Centre

Practical A+ Duration [40] Hours

နောက်ဆုံးပေါ် Intel Socket 775, Serial ATA နည်းပညာများကို P4 စက်သစ်များနှင့် တစ်ဦးလျှင် စက်တစ်လုံးနှုန်းဖြင့် ကိုယ်တိုင်ကျွမ်းကျင်စွာ ပြင်ဆင်/တပ်ဆင် နိုင်သော Hardware Technician အဖြစ် အလုပ်ဝင်နိုင်ရန်အတွက် လက်တွေ့ကျကျ ဦးစားပေးသင်ကြားပါမည်။

(ရုံးချုပ်) ဖုန်း - ၂၄၉၁၅၅/၃၈၁၇၇၆/ ၃၈၁၁၂၉
(ဆိပ်ကမ်းသာ) ဖုန်း - ၃၉၁၂၈၆/ ၃၉၁၂၈၇/ ၃၇၁၈၅၅
(မြေနီကုန်း) ဖုန်း - ၅၂၇၄၃၆/ ၅၃၄၁၇၀/ ၅၀၂၂၃၃
(သိမ်ကြီးဈေး) ဖုန်း - ၃၈၄၂၆၈၃၈၄၆၄၁
(လှည်းတန်း) ဖုန်း - ၅၂၄၄၀၀/ ၅၈၅၁၃၉
(တာမွေ) ဖုန်း - ၅၄၁၃၂၉

နိုင်ငံတကာ စံချိန်စံညွှန်းအဖွဲ့၏ ISO 9001:2000 အရည်အသွေးစီမံခန့်ခွဲမှုလက်မှတ်ရ

ဦးသာရင် ၏ သွက်ချာပါဒလေငန်းဆေးကျော် (ဆေးမှုန့်)

လေငန်းဖမ်း၍ ကိုယ်တစ်ခြမ်းသေခြင်း၊ ပါးရွဲ့ခြင်း၊ လေဖြန်းခြင်း၊ ခြေလက်ထုံကျင်ကိုက်ခဲခြင်း များဖြစ်လျှင် လီမ်းနိုင်ပါသည်။

ဦးသာရင်ဆေးတိုက် အမှတ်(၁၃၀/၆)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၅၄၈၈၇၄။

Certificate TH06/0850.0QM

ပဲခူးတိုင်းနှင့်ဧရာဝတီတိုင်း၌ မီးလောင်မှုများဖြစ်ပွား

ရန်ကုန် မေ ၃

ပဲခူးတိုင်း ပဲခူးမြို့နယ် ပျဉ်ပုံကြီးကျေးရွာ အေးပြည့်စုံရပ်ကွက်၌ ဧပြီ ၂၆ ရက်တွင် မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားရာ အိမ်လေးလုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူ ၁၉ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သည်။

ပဲခူးတိုင်း သာယာဝတီခရိုင် မိုးညိုမြို့နယ် ဖိုလုံတိုင်ကျေးရွာ၌ မေ ၁ ရက် တွင် မီးလောင်မှုဖြစ်ပွားရာ အိမ်ကိုးလုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူ ၃၉ဦး အိုးမဲ့ အိမ်မဲ့ ဖြစ်ခဲ့သည်။

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် မြို့မ(၈)ရပ်ကွက်တွင် မေ ၂ ရက်က မီးလောင်မှုဖြစ်ပွားရာ ဆန်စက်တစ်လုံးနှင့် အဆောက်အအုံတစ်လုံး မီးလောင် ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးသည်းထန်ပြီး လေပြင်းတိုက်ခတ် အဆောက်အအုံအချို့ပျက်စီး

ရန်ကုန် မေ ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) တွင် မေ ၂ရက် မွန်းလွဲပိုင်းက မိုးသည်းထန် စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှု ကြောင့် ရပ်စောက်မြို့နှင့်ရွာငံမြို့တို့၌ အဆောက်အအုံအချို့ အမိုးသွပ်နှင့် သစ်သားတန်းအချို့ လွင့်ထွက်ပျက်စီး သွားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တာမွေ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ ပြန်ကြားရေးရာဌာန၏ ၂၀၀၆-၂၀၀၇ ခုနှစ် လှုပ်ရှားမှုဓာတ်ပုံပြပွဲကို ဧပြီ ၂၁ ရက်က မြို့နယ်ရုံးရှေ့တွင် ကျင်းပရာ အရှေ့ပိုင်းခရိုင် အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သောင်းမြနှင့် တာမွေမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်အေးဆွေတို့က ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

အမေရိကန်နှင့်ဗြိတိသျှတပ်များ အီရတ်မှရုံးနိမ့်ထွက်ခွာရမည် ဗြိတိသျှဗိုလ်ချုပ်ကြီးဟောင်း ဆာမိုက်ကယ်ရိုစ်ပြောကြား

လန်ဒန် မေ ၃

အမေရိကန်နှင့် ဗြိတိသျှတပ်ဖွဲ့ဝင်များသည် အီရတ်မှရှုံးနိမ့်ပြီး ထွက်ခွာကြရမည်ဖြစ်ကြောင်း ဗြိတိသျှကြည်းတပ် ဗိုလ်ချုပ်ကြီးဟောင်း ဆာမိုက်ကယ်ရိုစ်က ပြောကြားလိုက်သည်။

အီရတ်စစ်ပွဲသည် မျှော်လင့်ချက် ကင်းမဲ့စွာဖြင့် တိုက်ခိုက်နေရကြောင်း ရှေ့တန်းရောက် တပ်ဖွဲ့ဝင်များက မိမိ အား ပြောကြားခဲ့ကြကြောင်း၊ ယင်းတို့သည် တိုက်ပွဲ၌အနိုင်မရနိုင်ကြောင်း၊ အမြန်ဆုံး အိမ်ပြန်ကြပါက အသက် ဘေးမှ လွတ်မြောက်ရလိမ့်မည်ဖြစ်ကြောင်း ဆာမိုက်ကယ်ရိုစ်က ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ဗြိတိသျှတပ်ဖွဲ့ဝင်များသည် ဗီယက်နမ်စစ်ပွဲကဲ့သို့ အဖြစ်မျိုးနှင့် ကြုံတွေ့ရလိမ့် မည်ဖြစ်ကြောင်းလည်း ၎င်းက ဟောကိန်းထုတ်လိုက်သည်။

ဘဂ္ဂဒက်၌ကားဗုံးခွဲတိုက်ခိုက်၊ အနည်းဆုံးကိုးဦးသေဆုံး

ဘဂ္ဂဒက် မေ ၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ရှီးယားအများစုနေထိုင်ရာအရပ်၌ မေ ၃ ရက်က ကားဗုံးခွဲတိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားရာ အနည်းဆုံး ကိုးဦးသေဆုံးသွားကြောင်း၊ ယင်းဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးလည်း သေဆုံးခဲ့ကြောင်း ရဲအဖွဲ့က ပြောကြားသည်။ ထိုနေ့က နိုင်ငံတစ်ဝန်း တိုက်ခိုက်မှုများကြောင့် အနည်းဆုံး အီရတ် ၈၅ ဦး သေဆုံးခဲ့ကြောင်းလည်း ရဲအဖွဲ့က ပြောဆိုသည်။

ရေဖြူမြို့ (က)ရပ်ကွက် ကွန်ကရစ်တံတားသစ်ဖွင့်

ရေဖြူ မေ ၂၀

ထားဝယ်ခရိုင် ရေဖြူမြို့ (က)ရပ်ကွက် ကွန်ကရစ်တံတားသစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၉ရက် နံနက် ၉နာရီက ယင်းတံတားထိပ်မှခ်ဦး၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကံထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများတက်ရောက်ပြီး မြို့နယ်ဥက္ကဋ္ဌ မြို့မတံတားဆောက်လုပ်ရေး အကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်ခင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်တိုး တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါတံတားသစ်မှာ အရှည် ၂၂ပေ၊ အကျယ် ၁၄ပေရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျေးလက်ဖွံ့ဖြိုးရေး အခြေစိုက်စခန်း ဇန်းမောက်၌ဖွင့် ကြံခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာပေးအပ်

ဇန်းမောက် မေ ၂၀

စစ်ကိုင်းတိုင်း ကသာခရိုင် ဇန်းမောက်မြို့နယ် မံလောင်ပေပင်အုပ်စု ပေပင်ကျေးရွာတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ကျေးလက်ဖွံ့ဖြိုးရေးအသင်း ကျေးလက်ဖွံ့ဖြိုးရေး အခြေစိုက်စခန်းဖွင့်ပွဲကို အခြေစိုက်စခန်းရုံးရှေ့၌လည်းကောင်း၊ အခြေခံပညာအလယ်တန်းကျောင်းခွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၁ ရက်က အလကကျောင်းခွဲရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးသင်း ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် စစ်ကိုင်းတိုင်းတာဝန်ခံအားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ကျေးလက်ဖွံ့ဖြိုးရေး အခြေစိုက်စခန်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကျေးလက်အခြေစိုက်စခန်းနှင့် ကျေးရွာ ကိုယ့်အားကိုယ်ကိုး အောင်မြင် စာကြည့်တိုက်တို့ကို ကြည့်ရှု စစ်ဆေးသည်။

အမှာစကား

ထို့နောက် အလကကျောင်းခွဲဖွင့်ပွဲကို အလကကျောင်းခွဲရှေ့၌ ဆက်လက်ကျင်းပရာ ဝန်ကြီးသည် အလက ကျောင်းခွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အလကကျောင်းခွဲခန်းမတွင် အမှာစကား ပြောကြားသည်။

လှူဒါန်း

ထို့နောက် အလကကျောင်းခွဲကျောင်း အကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးစန်အောင်က ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးထံလွှဲပြောင်းပေးအပ်ပြီး ပေပင်ကျေးရွာရပ်မိရပ်ဖ ဦးဘလွေက ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်၍ အလကကျောင်းခွဲဖွင့်ပွဲအထိမ်းအမှတ်အလံပေး ပေးအပ်ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးသင်း အသင်းဝင်အဆိုပြုလွှာများကို ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဘုရင့်နောင်လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်ထားမှု အခြေအနေကို မေ ၁၁ ရက်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့်နှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ခေတ္တညွှန်ကြားရေးမှူး ဦးခင်ကျော်တို့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမင်းဆွေက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းဆင်း

မြိတ် မေ ၁၂

တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့က ကြီးမှူးဖွင့်လှစ်သော အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာ သင်တန်းဆင်းပွဲနှင့် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို မတ် ၁၈ရက် နံနက် ၇နာရီက မြိတ်မြို့ မြစ်ငယ်အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

သင်တန်းဆင်း

အခမ်းအနားတွင် တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးကျော်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်းနှင့် စတုတ္ထတန်းကျောင်းသူ၊ ကျောင်းသားများအား သင်တန်းဆင်း လက်မှတ်များ ပေးအပ်သည်။

ဂုဏ်ပြုဆု

ထို့နောက် ထူးချွန်ဆုရကျောင်းသူ၊ ကျောင်းသားများကို ဂုဏ်ပြုဆုများ ချီးမြှင့်ရာ တိုင်းပညာရေးမှူး ဦးဝင်းဆွေနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများချီးမြှင့်ကြသည်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်းများ

ပေါက်တောမြို့ လက်ပံပြားကျေးလက်လမ်း ဒါးကိုင်-မနော်သီရိအပိုင်း ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၇ ရက်က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဇောလှနှင့် အမှုဆောင်အရာရှိ ဦးကျော်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
ကဆုန်လပြည့်ကျော် ၅ ရက်
၅-၅-၂၀၀၇
(စနေနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဗောဇ္ဈင်္ဂသုတ်)

နေ့လယ်ပိုင်း

၀၉:၃၀ တူယှဉ်သီကြွေးစုံတွဲတေး
(၁) ဒို့လည်းလိုက်မယ်
(စံလင်း၊မီမီဝင်းဖေ)
(၂) ချစ်သူချင်းမို့သိနားလည်
(ဇော်မင်းလေး၊ ဌေးဌေးမြင့်)
(၃) နွေအလွမ်း(စိုးပိုင်၊ မေရွက်ဝါ)

၀၉:၄၅ အာဆီယံအစီအစဉ်

၁၁:၁၅ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား (မြန်မာနိုင်ငံတွင် စမ်းသပ်တော့မည့် ရေမြုပ်ခံစပါးမျိုးသစ်)

၁၁:၃၅ ရေဒီယိုမဂ္ဂဇင်း
(၁) သတိပြုစရာ ကြက်ငှက်တုပ်ကွေးရောဂါ(ခေါင်းကြီး)
(၂) တူနှစ်ကိုယ်နီးဖို့ရာ
(ဆောင်းပါးသရုပ်ဖော်)

၁၂:၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ

၁၂:၁၀ ကလေးများအတွက် တေးသီချင်းများ

၁၂:၄၅ (၂၁)ရာစုလူမှုဝေါဟာရမိတ်ဆက် (ဆဋ္ဌမပိုင်း) (မောင်ဆုရှင်)

ညနေပိုင်း

၁၆:၁၀ သိမှတ်စရာမြန်မာစကားမြန်မာစာ (ပုဂံကျောက်စာများမှ နှလုံးသားပွဲတင်သံများ-မောင်ခင်မင်-ဓနုဖြူ)

၁၆:၁၅ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) တစ်ဘဝမှာတစ်ချစ်တည်း
(ရေနံမြေကြူကြူ)
(၂) မောင့်အပြောလေး ပိုလွန်းတယ်
(ခင်နှင်းသက်)
(၃) စိန်ပန်းလေးတွေ ပျောက်ကွယ်သွားပြီ (စန္ဒရားခင်မောင်ချို)

၁၇:၀၀ အဆို၊ အက၊ အရေး၊ အတီးဆုရ (ရခိုင်ပြည်နယ်မှ မောင်ဇော်ဇော်အောင်နှင့် မောင်အေးကျော်တို့၏ ခေတ်ဟောင်း၊ ကာလပေါ်)

၁၇:၁၅ ခေတ်ဟောင်းတေး
(၁) မေတ္တာအရင်းခံ (မအေးမိ)
(၂) ချစ်တော်မူ (ဉက္ကလာမောင်)
(၃) ရွှေဘိုသနပ်ခါး (မန္တလာမြင့်)

၁၇:၃၀ တစ်ပတ်အတွင်းနိုင်ငံတကာသတင်း

၁၇:၄၅ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (လမ်းလျှောက်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်ကြပါစို့)

၁၈:၂၅ အင်္ဂလိပ်စကားပြောသင်ခန်းစာ (ဒေါ်နှင်းရည်)

၁၈:၄၀ လှပသာယာအိမ်ဂေဟာ (သူ့ရဲ့အမြင်မှာဆန်းစေချင် သစ်လွင်အလှဆင်)

၁၉:၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (Heart တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် နှလုံးသားတစ်ထောင့်မှာ တေးစီးရီး)

၂၀:၃၀ တေးသံစုံ (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့)

၂၀:၄၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) လမင်းမှာဆုံမယ်(မြင့်သက်လွှာ)
(၂) ဖိုးရွှေလရယ် မောင့်အချစ်ရယ်
(လှမြင့်ဦး)
(၃) ရွက်ကြမ်းရေကျို(မြင့်မြင့်စိန်)

ညောင်ဦးမြို့နယ်တောင်ဇင်းကျေးရွာအုပ်စု သောက်သုံးရေကန်ပြုပြင်တူးဖော်

ညောင်ဦး မေ ၁၆

ညောင်ဦး မြို့နယ် တောင်ဇင်းကျေးရွာအုပ်စုရှိ ပုဂံကျစွာမင်း တူးဖော်ခဲ့သည့် အရှည်ပေ ၉၈၀၊ အကျယ်ပေ ၆၄၀ ရှိသော ကမ္မကန် သောက်သုံးရေကန်ကို မတ် ၂၅ ရက်က ဒေသခံ ပြည်သူများ၏ လုပ်အားဖြင့် ပြန်လည်ပြုပြင် တူးဖော်ခဲ့သည်။

အဆိုပါ သောက်သုံးရေကန်ပြန်လည်တူးဖော်ရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခရိုင်တွဲဖက်အတွင်းရေးမှူး ဦးညွန့်ဝင်း၊ မြို့နယ်တွဲဖက်အတွင်းရေးမှူး ဦးမြမင်း၊ တောင်ဇင်းအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဌေး၊ တောင်ဇင်းအုပ်စု ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးလှတုပ်တို့ ဦးဆောင်၍ ဒေသခံ ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ၇၀၀ကျော်တို့က ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ (အပေါ်ပုံ)

(ခရိုင် ပြန်/ဆက်)

ပြင်ဦးလွင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး

ပြင်ဦးလွင် မေ ၁၅

ပြင်ဦးလွင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၈ရက်က ပြင်ဦးလွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီဝင်းက အသင်းအဖွဲ့၏ လုပ်ငန်းတာဝန်များဖြစ်သည့် စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ သားဖွားလုပ်ငန်းနှင့် ဆယ်အိမ်စု၊ ရာအိမ်စုလုပ်ငန်းများကို ရပ်မိ၊ ရပ်ဖများနှင့် ပူးပေါင်းဆောင်ရွက်ရေးညှိနှိုင်းဆွေးနွေးပြီး ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးကျေးရွာအုပ်စု အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေမြင့်က အဆိုပြုလွှာ ၃၁၀ ကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့စည်းရုံးရေးမှူး ဒေါ်မြင့်မြင့်ကြည်ထံ ပေးအပ်လိုက်သည်။ **(အပေါ်ပုံ)** **(၂၈၀)**

ပြင်ဦးလွင်မြို့ အနိုင်းမဲ့ အောင်တော်မူမြတ်စွာဘုရား အနေကဇာတင်

ပြင်ဦးလွင် မေ ၁၄

ပြင်ဦးလွင်မြို့ မြို့ကျက်သရေဆောင်သံဃာ့ဒါနဆွမ်းလောင်းအသင်း သာသနိကအဆောက်အအုံတွင် တည်ထားကိုးကွယ်သော အနိုင်းမဲ့အောင်တော်မူ မြတ်စွာဘုရား အနေကဇာတင်ခြင်းနှင့် အဆောက်အအုံရေစက်ချ အလှူတော်မင်္ဂလာ အခမ်းအနားကို မတ်၃၀ရက် နံနက် ၆နာရီက ပြင်ဦးလွင်မြို့ မန္တလေး-လားရှိုးကားလမ်းပေါ်ရှိ အဆိုပါ အဆောက်အအုံ၌ ကျင်းပသည်။

ရှေးဦးစွာ နံနက်၄နာရီခွဲတွင် သံဃာတော်အပါး ၁၀၀၀ တို့အား အလှူရှင်များက အရုဏ်ဆွမ်း လောင်းလှူကြပြီး အနေကဇာတင်ခြင်းနှင့် ရေစက်ချ အလှူတော်မင်္ဂလာ အခမ်းအနားကို ကျင်းပရာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်၍ ဧည့်ပရိသတ်များက မန္တလေးတိုင်းသံဃနာယကအဖွဲ့(စတုဘုမ္မိက)ဥက္ကဋ္ဌ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ သာသနဓဇ ဓမ္မာစရိယဆရာတော်ဘဒ္ဒန္တဝိဇယထံမှ သီလခံယူဆောက်တည်ကြကာ ဆရာတော်ကြီးများက ပရိတ်တရားတော်များ ချီးမြှင့်တော်မူကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ရတနာမာန်အောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကဝိန္ဒက ဩဝါဒကထာချီးမြှင့်ပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းလွင်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ထို့နောက် ဆရာတော်ကြီးအပါး ၃၀ တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ကန်ဦးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဥာဏိဿရက ရေစက်ချ အနုမောဒနာတရားချီးမြှင့်ကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ အဆောက်အအုံဖွင့်ပွဲ အခမ်းအနားကို မွန်းတည့် ၁၂ နာရီတွင် ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဆွေ၊ အလှူရှင် ဒေါ်အမာ (သီရိမြန်မာဟိုတယ်-ပြင်ဦးလွင်)နှင့် အလှူရှင်များက အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(ခရိုင် ပြန်/ဆက်)

ဦးထွန်းထွန်းအား ရည်စူး၍ ရန်ကုန်တိုင်း စမ်းချောင်း မြို့နယ် ရှမ်းကုန်းလမ်း ပထမထပ်အမှတ် (၅၆) နေ ဇနီး ဒေါ်ဝင်းဝင်းသိန်း၊ **သမီး မခိုင်စုစုထွန်း၊** သား မောင်မင်းမင်းထွန်း တို့က ဒဂုံမြို့နယ်အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို ဝိနယကောဝိဒဆရာတော် ဘဒ္ဒန္တအရိယဓမ္မထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ငွေကျပ် သုံးသိန်း အကုန်အကျခံ တည်ဆောက်ပြီးစီးခဲ့သည့် မုဒုံမြို့နယ် ဘိုးဘွားရိပ်သာ အဆောက်အအုံရှေ့ ဆိုင်းဘုတ်သစ်ဖွင့်ပွဲကို မေ၂၆ရက်က ကျင်းပရာ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်မြင့်၊ ဦးဟုတ်တင်နှင့် ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးပိုးရီတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

(ဘိုးဘွားရိပ်သာ)

ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မိုင်းဖြတ်၌ ကျင်းပ

မိုင်းဖြတ် မေ ၃၀

မိုင်းဖြတ်မြို့နယ် (၁၁)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မေ၁၇ရက် နံနက်၈နာရီက ကျင်းပရာ ဘုန်းတော်ကြီးကျောင်း၂၁ ကျောင်းမှ ရဟန်းသံဃာတော် ၃၄၉ ပါးတို့က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးရှေ့မှ ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် တောင်တန်းသာသနာပြု(ဗဟို)ကျောင်းတိုက်ရှေ့အထိ ဆွမ်းလောင်းအလှူခံ ကြွတော်မူသည်။

လောင်းလှူ

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်စိုးဝင်းနှင့် ဇနီးဒေါ်အေးအေးနွဲ့ ဦးဆောင်သော တပ်မတော်အရာရှိများနှင့် ဇနီးများ၊ ခရိုင်ဥက္ကဋ္ဌ ဦးသိန်းမြင့်၊ မြို့နယ်ဥက္ကဋ္ဌဦးနိုင်ဝင်းဇော်နှင့် ဇနီးဒေါ်စမ်းစမ်းဝေ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင် ပြည်သူတို့က လမ်းဘေးဝဲယာတစ်လျှောက် စည်ကားသိုက်မြိုက်စွာ လောင်းလှူကြသည်။

ပေးအပ်

ထို့နောက် မွန်းလွဲ ၁နာရီတွင် ဘုရင့်နောင်ခန်းမ၌ (၁၁) ကြိမ်မြောက် သက်ကြီးပူဇော်ကန်တော့ပွဲ ကျင်းပရာ အသက်(၈၀)အထက် အဘိုး၊အဘွား ၃၉ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အာဟာရဖြင့်ကျွေးမွေးဧည့်ခံခြင်းနှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အမှတ် ၂၅၀၊ ၃၆လမ်း ကျောက်တံတားမြို့နယ်နေ ဦးမြလွင်-ဒေါ်အေးသောင်းနိုင်၊ သား မောင်ခွန်ချိုနှင့်ညီအစ်ကိုတို့က ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် ၁၀၁၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အကျိုးဆောင်စာရင်းစစ် ဦးဝင်းထိန်က လက်ခံစဉ်။ (က-ပ)

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

မြို့နယ်သတင်းများ

လဟယ်မြို့၌ အဘိုး၊ အဘွားများ သက်ကြီးပူဇော်

မုံရွာ မေ ၂၅

မုံရွာခရိုင် လဟယ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် သတ္တမအကြိမ်မြောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို မေ၁၇ရက် နံနက်၉နာရီက လဟယ်မြို့ ဗုဒ္ဓဘာသာ တောင်တန်းသာသနာပြု ဗဟိုကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကိုနမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဗဟိုဆရာတော်ဘဒ္ဒန္တဇောတိသာရထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြကာ မြို့နယ်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ အလှူရှင်များက ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ပြောကြား

ထို့နောက် သက်ကြီး အဘိုး၊ အဘွားများကို အလှူငွေများနှင့် အသုံးအဆောင်ပစ္စည်းများလှူဒါန်းကြပြီး သက်ကြီးအဘိုး၊ အဘွားများကိုယ်စား ဦးဟတ္တိက ကျေးဇူးတင်စကားပြောကြားကာ တွဲဖက်အတွင်းရေးမှူး ဦးပေါင်စုက ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ ပြောကြားသည်။ ထို့နောက် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများက လှူဒါန်းငွေကျပ်နှစ်သိန်းနှင့် အသုံးအဆောင်ပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။

(တိုင်း ပြန်/ဆက်)

သစ္စာရောင်ခြည် စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲ မြိုင်မြို့၌ ကျင်းပ

မြိုင် မေ ၁၅

မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးကြပ်၍ သစ္စာရောင်ခြည် စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲကို မတ်၂၇ရက် နံနက် ၁၀နာရီခွဲက စိုင်ဂေါင်းကျေးရွာစာကြည့်တိုက်၌ ကျင်းပသည်။

ဖွင့်လှစ်

အဆိုပါဖွင့်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစောမြင့်ခိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးနန္ဒာအောင်နှင့် စာကြည့်တိုက်အလှူရှင် ဦးထွန်းဖေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

လက်ခံယူ

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်သန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးတို့က စာအုပ်လှူဒါန်းကြရာ စာကြည့်တိုက်နာယက ဦးတင်မြိုင်က လက်ခံရယူကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား မုံရွာမြို့နယ်၌ ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲကျင်းပ

မုံရွာ ဧပြီ ၁၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့၌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရဆရာတော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ရန်ကုန်တိုင်းအင်းစိန်မြို့နယ် ၁၀မိုင် စော်ဘွားကြီးကုန်းရပ်ကွက် အောင်စေတီသာသနာ့ဗိမာန်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တစဋိလဆရာတော်ကြီးအား ထပ်ဆင့်ဂုဏ်ပြုပူဇော်သည့် ဂုဏဝိသိဋ္ဌပူဇာသဘင် အခမ်းအနားကို ဧပြီ၇ရက် နံနက် ၈နာရီက ဆရာတော် ကြီး၏ ဇာတိမြေဖြစ်သော မုံရွာမြို့နယ် မုံရွေးစံပြကျေးရွာ ရွှေကျောင်းကြီးကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ အနောက်မြောက်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်းနှင့်တပ်မတော် အရာရှိကြီးများ၊ တိုင်းအတွင်းရေးမှူး ဦးဝင်းကြည်နှင့် တိုင်း၊ ခရိုင်၊ မြို့နယ် အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဆောက်တည်

ရှေးဦးစွာ အခမ်းအနားကို နမော တဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး မုံရွာမြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မုံရွာမြို့ မြို့မ ရွှေဂူကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိကဆရာတော်ထံမှ ဒုတိယတိုင်းမှူး အမှူးပြုသော ဒေသ့ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်ကပ်

ထို့နောက် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တစဋိလမဟာထေရ်မြတ်အား ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် တင်မောင်အုန်းက လှူဖွယ်ဝတ္ထုများကိုလည်းကောင်း၊ တိုင်းအတွင်းရေးမှူး ဦးဝင်းကြည်က အလှူငွေကျပ်နှစ်သိန်းကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်ပြီး ဆရာတော်ကြီး၏ တပည့် ဒါယကာ၊ ဒါယိကာမများက ပင့်သံဃာ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး မုံရွေးကျေးရွာ ရွှေကျောင်းကြီးကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသူရိယ အရှင်သူမြတ်က ဂုဏဝိသိဋ္ဌသဘင် သမ္မောဒနီယ ဩဝါဒကထာ ချီးမြှင့်ပြီး ရေစက်ချအနုမောဒနာတရား ချီးမြှင့်ကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကျေးဇူးရှင် မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ အမှူးထား ပြီး ကျေးဇူးရှင် ဖခင်ကြီး ဦးဘိုးရွှေ- မိခင်ကြီး ဒေါ်ချိတ်တို့ကို ရည်စူး၍ ရန်ကုန်တိုင်းဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်း အမှတ်(၄၃-အေ)နေ သားသမီးများဖြစ်ကြသော ဒေါ်ကျင်အေး၊ ဒေါ်သိန်းသိန်း၊ ဒေါ်ညွန့်ညွန့်၊ သား ဦးတင့်လွင်၊ ဒေါ်တင်ချို၊ မောင်မျိုးသန့်တင်တို့က ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၀ သိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တသီလာစာရထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန)ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပရဟိတ မျက်မမြင်ပညာသင်ကျောင်း ကျောင်းသားများအား နံနက်စာကျွေးမွေးလှူဒါန်း

ပြင်ဦးလွင် ဧပြီ ၁၅

ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းလျက် ပရဟိတ မျက်မမြင်ပညာသင်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ၈၇ဦးအားနံနက်စာထမင်းကျွေးမွေး လှူဒါန်းပွဲကို မတ် ၁၄ရက် နံနက် ၁၁နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်အမျိုးသမီးရေးရာအဖွဲ့၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မာမာလွင်၊ မြို့နယ်ဥက္ကဋ္ဌ ဒေါ်ရီရီဝင်းနှင့် အသင်းဝင်များ၊ မျက်မမြင်ကျောင်း အုပ်ချုပ်ရေးမှူး ဦးစန်းတင့်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်မာမာလွင်က ကျွေးမွေးလှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မျက်မမြင်ကျောင်းသား၊ ကျောင်းသူများ နံနက်စာစားသုံးမှုကို လိုက်လံ ကြည့်ရှု၍ အားပေးစကားပြောကြားရာ ကျောင်းသား၊ ကျောင်းသူများက ဆုတောင်းမေတ္တာပို့သပေးကြသည်။ ထို့နောက် အုပ်ချုပ်ရေးမှူး ဦးစန်းတင့်က ကျေးဇူးတင်စကားပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

(ခရိုင် ပြန်/ဆက်)

ရောဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးနေဦး ဧပြီ ၂၄ရက်က မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရှောင်လမ်းနှင့် ဘုရားလမ်းထောင့်ရှိလေးလုံးတွဲရေပြွန် ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းအေး၊ အင်ဂျင်နီယာမှူးဦးထင်လင်းကျော်နှင့်လက်ထောက် အင်ဂျင်နီယာဦးဗိုလ်ဗိုလ်မြင့် တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဘီးလင်း ကေလာသ သဘာဝထိန်းသိမ်းရေးနယ်မြေ ဆိုင်းဘုတ်ဖွင့်

ဘီးလင်း ဧပြီ ၁၅

သထုံခရိုင် ဘီးလင်းမြို့နယ် သစ်တောဦးစီးဌာနက ၁၉၄၂ခုနှစ်မှစတင် တည်ထောင်ဖွင့်လှစ်ခဲ့သော ကေလာသ သဘာဝထိန်းသိမ်းရေးနယ်မြေ ဆိုင်းဘုတ်အသစ် စိုက်ထူဖွင့်လှစ်ပွဲကို မတ် ၂၇ ရက် နံနက် ၁၀ နာရီက အဆိုပါ ဆိုင်းဘုတ်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ဘီးလင်းမြို့နယ် သစ်တောဦးစီးအရာရှိ ဦးကျော်ဝင်းက သဘာဝထိန်းသိမ်းရေးနယ်မြေ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနယ်မြေကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းရန် အမှာစကားပြောကြားသည်။

ထို့နောက် သထုံခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှထွန်းနှင့် ဘီးလင်းမြို့နယ်ဥက္ကဋ္ဌ ဦးမြင့်သိန်းတို့က ကေလာသ သဘာဝထိန်းသိမ်းရေးနယ်မြေ ဆိုင်းဘုတ်အသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် မိတ္ထီလာမြို့နယ် ဆူးဖြူကွက်ကျေးရွာ၌ နှစ်လက်မ စက်ရေတွင်း တူးဖော်မှုကို ဧပြီ ၂၅ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်ချို နှင့် အင်ဂျင်နီယာမှူး ဦးမြင့်အောင်တို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (၄၁၄)

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)
ရန်ကုန်အဝေးသင်တက္ကသိုလ်
e- Education Learning Centre
သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

(တနင်္လာမှ သောကြာ) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ
(စနေ၊ တနင်္ဂနွေ) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၇-၅-၂၀၀၇ (တနင်္လာနေ့)
- ❑ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဥပဒေ၏ နိုင်ငံတော်၏ လက်တွေ့ဆောင်ရွက်ချက်များ
  - အများပြည်သူများ
- ❑ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရ ကုမ္ပဏီများ ဖွဲ့စည်းခြင်း
  - တတိယနှစ် ဥပဒေအထူးပြု အဝေးသင်တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ

၈-၅-၂၀၀၇ (အင်္ဂါနေ့)
- ❑ Soaps and Detergents (Soaps)
  - တတိယနှစ် ကုန်ထုတ် ဓာတုဗေဒ/ဓာတုဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ အများပြည်သူများ
- ❑ Detergents
  - တတိယနှစ် ကုန်ထုတ် ဓာတုဗေဒ/ဓာတုဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ အများပြည်သူများ

၉-၅-၂၀၀၇ (ဗုဒ္ဓဟူးနေ့)
- ❑ The Role of Psychology in Regional Development
  - စိတ်ပညာအထူးပြု အဝေးသင်၊ နေ့ကျောင်းသား၊ ကျောင်းသူများ၊ အများပြည်သူများ
- ❑ Methods of Integration
  - ပထမနှစ်သိပ္ပံ နေ့ကျောင်းသား၊ ကျောင်းသူများ

၁၀-၅-၂၀၀၇ (ကြာသပတေးနေ့)
- ❑ ပုဂံမြို့ဟောင်းနှင့်ကျွန်တော်စာတမ်းငယ်လေ့လာချက်
  - ပထမနှစ်အထူးပြုအားလုံး၊ မဟာဝိဇ္ဇာအရည်အချင်းစစ်နှင့် မဟာဝိဇ္ဇာ(မြန်မာစာအထူးပြု)
- ❑ ပုဂံခေတ်ကျောက်စာများတွင် ထင်ဟပ်နေသော ပုဂံခေတ်အမျိုးသမီးများ
  - ပထမနှစ်မှ မဟာဝိဇ္ဇာတန်းထိ အရည်အချင်းစစ်နှင့် မဟာဝိဇ္ဇာ(မြန်မာစာအထူးပြု)နှင့် ကျောင်းသား၊ ကျောင်းသူများ၊ အများပြည်သူများ

၁၁-၅-၂၀၀၇ (သောကြာနေ့)
- ❑ Priority of Maritime Lien
  - နောက်ဆုံးနှစ်မဟာဥပဒေ(ပင်လယ်ရေကြောင်းအုပ်စု)တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူများ
- ❑ မြန်မာဓလေ့ထုံးတမ်း ဥပဒေအရသားသမီးများ အမွေဆက်ခံရေး
  - ဒုတိယနှစ် ဥပဒေ၊မဟာဥပဒေ(ပြည်တွင်း)တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူများ

၁၂-၅-၂၀၀၇ (စနေနေ့)
- ❑ Nastika School
  - ဒုတိယနှစ် ဒဿနိကဗေဒ အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Realism
  - ဒုတိယနှစ် ဒဿနိကဗေဒ အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Contemporary Western Philosophy Pragmatism
  - ဒုတိယနှစ် ဒဿနိကဗေဒ အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ The Study of Contemporary Western Idealism
  - ဒုတိယနှစ် ဒဿနိကဗေဒ အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Truth Function
  - ဒုတိယနှစ် ဒဿနိကဗေဒ အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ The Philosophy of Kierkegaard
  - ဒုတိယနှစ် ဒဿနိကဗေဒ အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Statistical Theory Moments and Generating Functions
  - ဒုတိယနှစ် စီးပွားရေးပညာ အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ International Trade & Financial Institutions
  - ဒုတိယနှစ် စီးပွားရေးပညာ အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Methods of Finding Estimators
  - ဒုတိယနှစ် စီးပွားရေးပညာ အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Input Output Analysis
  - ဒုတိယနှစ် စီးပွားရေးပညာ အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Functions of Random Variables
  - ဒုတိယနှစ် စီးပွားရေးပညာ အထူးပြု ကျောင်းသား၊ ကျောင်းသူများ

၁၃-၅-၂၀၀၇ (တနင်္ဂနွေနေ့)
- ❑ ထပ်ဆင့်ကြိယာ (Derivative Verbs)
  - ဒုတိယနှစ် အရှေ့တိုင်းပညာ အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Translation ဘာသာပြန်
  - ဒုတိယနှစ် အရှေ့တိုင်းပညာ အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ တရားဦး ဓမ္မစကြာ
  - ဒုတိယနှစ် အရှေ့တိုင်းပညာ အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ သမာသ်
  - ဒုတိယနှစ် အရှေ့တိုင်းပညာ အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ သင်္ဂါယနာတင်ပွဲများ (စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌမ)
  - ဒုတိယနှစ် အရှေ့တိုင်းပညာ အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ ထေရဝါဒထာလေ့လာချက်များ
  - ဒုတိယနှစ် အရှေ့တိုင်းပညာ အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ ဗုဒ္ဓ၏နောက်ဆုံးဖြစ်ရပ်များ
  - ဒုတိယနှစ်အရှေ့တိုင်းပညာ အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ ရွှေပြည်စိုးဝတ္ထုမှ ဇာတ်ဆောင်စရိုက်
  - ဒုတိယနှစ် မြန်မာစာ အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ စကားပြေရွေးချယ်ချက်မှ ပထမကလောင် စကားပြေအကြောင်း
  - ဒုတိယနှစ် မြန်မာစာ အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ ဝေါဟာရတ္ထပကာသနီ
  - ဒုတိယနှစ် မြန်မာစာ အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ မွေ့နွန်းရကန်မှစာဆို ရွှေတောင်နန္ဒသူ၏ အရေးအဖွဲ့စွမ်းရည်
  - ဒုတိယနှစ် မြန်မာစာ အထူးပြု ကျောင်းသား၊ ကျောင်းသူများ

အမှာစကား ပြောကြား

သဘာပတိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၁၇) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး စတင်ကျင်းပ ပြည်နယ်နှင့်တိုင်း နှစ်ချုပ်အစီရင်ခံစာများ ဖတ်ကြားတင်ပြ

ရန်ကုန် မေ ၃

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၁၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ စတင်ကျင်းပသည်။

တက်ရောက်

နှစ်ပတ်လည်အစည်းအဝေးသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဒေါ်အေးအေး၊ ဗဟိုအလုပ်အမှုဆောင်များ၊ ဗဟိုကောင်စီဝင်များ၊ ပြည်နယ်နှင့် တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများ တက်ရောက်ကြသည်။

ဆောင်ရွက်

နှစ်ပတ်လည် အစည်းအဝေးတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာဒေါ်သိန်းသိန်းငွေးက ဆောင်ရွက်သည်။ ***စာမျက်နှာ ၈ ကော်လံ ၁*** ●

မီးသတ်တပ်ဖွဲ့ဝင်များ စွမ်းရည်ထက်မြက်မှုသရုပ်ပြသ
အမျိုးသမီးတပ်ဖွဲ့ဝင်များကပါ မျှော်စင်အမြင့်မှ ကျွမ်းကျင်စွာခုန်ဆင်း
ပြည်သူ့အကျိုးသယ်ပိုးဆောင်ရွက်နေသော ရဲဝံ့စွန့်စား မီးသတ်သမားများဖြစ်

သတင်းမြင်ကွင်း- မြင့်မောင်စိုး
ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

(၆၁)နှစ်မြောက်မီးသတ်တပ်ဖွဲ့နေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

ရန်ကုန် မေ ၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်ရှိ မီးသတ်ဦးစီးဌာနကို ဖွဲ့စည်းထူထောင်ခဲ့သည်မှာ ယခုနှစ် မေ ၅ ရက်(မနက်ဖြန်)**ဆိုပါလျှင် နှစ် ၆၀ ကျော်၍ တစ်နှစ်ပင်စွန်းခဲ့ပြီဖြစ်သည်။**

မီးသတ်ဦးစီးဌာန၏ တည်ထောင်ဖွဲ့စည်းခဲ့သည့်နှစ် သက်တမ်းရင့်ကျက်လာသည်နှင့်အမျှ မီးသတ်တပ်ဖွဲ့ဝင်များ၏ အရေအတွက်များပြားလာသည့်အပြင် အရည်အသွေးများမှာလည်း ပို၍ပြည့်ဝလာလျက်ရှိသည်။ ***စာမျက်နှာ ၆ ကော်လံ ၁*** ■

အမြင့်ပိုင်းမှ အနိမ့်ပိုင်းသို့ ကြိုးဆင်းနည်းစနစ်ဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ ဩသိုလေ့ကျင့်ကြရသည်။
ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

ထူးခြားသော အပူချိန်
၃-၅-၂၀၀၇

နေပြည်တော်	၁၀၄ ဒီဂရီဖာရင်ဟိုက်	ညောင်ဦး	၁၀၈ ဒီဂရီဖာရင်ဟိုက်
ရန်ကုန်	၉၉ ဒီဂရီဖာရင်ဟိုက်	ချောက်	၁၀၈ ဒီဂရီဖာရင်ဟိုက်
မန္တလေး	၁၀၈ ဒီဂရီဖာရင်ဟိုက်	ပခုက္ကူ	၁၀၈ ဒီဂရီဖာရင်ဟိုက်
စစ်ကိုင်း	၁၀၈ ဒီဂရီဖာရင်ဟိုက်	မုံရွာ	၁၀၉ ဒီဂရီဖာရင်ဟိုက်